# “ဟယ်စင်ကီမြို့လမ်းသွားများ၌မိသားစုကိုရှာဖွေခြင်း”

အောက်တိုဘာလ ၃ရက်၊ ရေးသားသူ- ဂျဲနီ၊ ဖင်လန်နိုင်ငံ။

ဖင်လန်နိုင်ငံ၏မြို့တော် ဟယ်စင်ကီမြို့လယ်ခေါင်တွင်ဆောင်းတွင်း၏အေး ချမ်းမှုနှင့်အတူဂျဲနီသည်ဘုရားကျောင်းအစား၊ယုံကြည်သူသူငယ်ချင်းတစ်ယောက်ရ ရန်ရှာဖွေမိသည်။ လွန်ခဲ့သောသုံးလမှယုံကြည်ခြင်းခရီးကို ဂျဲနီ စတင်လျှောက်လှမ်း ခဲ့ပါသည်။

အမေ့အတွက် ဆရာဝန်ရက်ချိန်းစောင့်စဉ်လမ်းသွယ်ထဲသို့ဝင်လာရင်းခရစ် ယာန်အသိုင်းအဝိုင်းနှင့်တွေ့ရန် ဆုတောင်းနေမိသည်။ ရုတ်တရက်လူရှုပ်သောမြို့ထဲ ရှိသီးသန့်လမ်းထဲသို့ လျှောက်ဝင်သွားလိုသောစိတ်ဖြစ်ပေါ်လာသည်။ ဆုံးဖြတ်ချက် အတိုင်း လျှောက်လှမ်းချက်သည် အရာရာပြောင်းလဲသွားစေခဲ့သည်။

သတ္တမနေ့အသင်းတော်မှဟယ်စင်ကီမြို့ပြအသင်းတော်တည်ထောင်ရန်စီ မံကိန်းချ၍ သာသနာစတင်ရာ အိုအီကော့စ်အဖွဲ့ငယ်ရှိရာအိမ်ကို ဂျဲနီ တွေ့ရှိသွား သည်။ ထိုအဖွဲ့ဝင်သာသနာပြုတစ်ဦးသည် ဂျဲနီထံချဉ်းကပ်လာ၍ “တစ်ဦးတစ် ယောက်ကသင့်အတွက်ကဗျာစပ်ပေးဖူးလား?”လို့ သူမ မမျှော်လင့်ထားသော မေး ခွန်းကိုမေးလာပါသည်။“ဟင့်အင်း”လို့ပြန်ဖြေလိုက်ပြီးနောက်ထိုသူကစကားသုံးလုံး ပြောပါသည်။

(အိုအီကော့စ် အဓိပ္ပါယ် = မိသားစု) ထိုစကားထဲတွင် “ ငြိမ်သက်ခြင်း” ဆိုသောစ ကားပါဝင်ပါသည်။

စကားပြောစဉ် မိမိသည်ဘုရားသခင်ကိုယုံကြည်သူဖြစ်ကြောင်း ဂျဲနီ ဝန်ခံ သော်လည်း ထိုအဖွဲ့ငယ်သည် ခရစ်ယာန်များဖြစ်သည်ကို သတိမထားမိခဲ့ပါချေ။ အ ခြားသူများသည်လည်းအသင်းဝင်များအဖြစ်ဖိတ်ခေါ်ခြင်းခံရသူများဖြစ်၍လင်းဒါ ဆို သော သာသနာပြုတစ်ဦးမှ အိုအီကော့စ်အဖွဲ့ငယ်အကြောင်းရှင်းပြခဲ့ပါသည်။

အသင်းတော်နှင့်ဆက်သွယ်နိုင်ရန် အချက်အလက်များပြောင်းလဲသွားသော်လည်း ဂျဲနီ ကိုရိုးရိုးဖိတ်ခေါ်စာဖြင့်ဖိတ်ခေါ်ထားပါသည်။ အစတွင် ဂျဲနီ တုံ့ဆိုင်းနေသော်လည်းဤလမ်းတွင်းသို့ပို့ဆောင်သောဘုရားသခင်ကိုယုံကြည်စိတ်ချ၍ "ကျွန်မမကြောက်ပါဘူး" "ဒါက၊ဘုရားထံကဖြစ်မှာပါ" လို့နောက်တွင်ပြန်၍ ပြောပြလာပါသည်။

နောက်၂ပတ်အကြာတွင် အိုအီကော့စ် အိမ်ရှေ့လူခေါ်ခေါင်းလောင်းကိုတီးလိုက်ပါသည်။ "ဘုရားကျောင်းတစ်ဆောင်ဖြစ်နေမလား၊ မိသားစုတစ်စုပဲ ညနေစာစားမလား" ဂျဲနီတွေးနေမိ၍ "ကိုယ်တော်ဤနေရာသို့ကျွန်မကိုပို့ဆောင်၍ဆက်လက်လမ်းပြပါ" ဟု ဂျဲနီ ဆုတောင်းနေမိပါသည်။

ဂျဲနီကိုနွေးထွေးစွာကြိုဆို၍ရင်းနှီးဖော်ရွေစွာစကားအပြန်အလှန်ပြောကြကာရိုးစင်းသောဝတ်ပြုကိုးကွယ်သောအစီအစဉ်အပြီးတွင် သူစိမ်းများမှသူငယ်ချင်းအဖြစ်ရင်းနှီးသွားကြသည်။ "မိသားစုလိုခံစားလိုက်ရတဲ့အတွက်ထိုနေရာသို့ဆက်ပြီးသွားနေမိတယ်" ဟု ဂျဲနီ ပြောပြပါသည်။ ဘာသာမတူသောမိဘများမှမွေးဖွားလာခဲ့သော်လည်းဘုရားကျောင်းသို့မရောက်ဖြစ်ချိန်ကပိုများခဲ့သည်။လူငယ်အချိန်၌လောကဆန်သောဘဝနေထိုင်မှုနှင့်အသည်းကွဲခြင်းဝေဒနာများခံစားခဲ့ရသည်။

"ကျွန်မစိတ်ဆင်းရဲပြီးဘယ်လိုရှေ့ဆက်ရမလဲတောင်မသိတော့ဘူး" လို့ဂျဲနီပြောပြခဲ့ပါသည်။ "ကျွန်မဘုရားသခင်ကိုသိပါတယ်။ ဘုရားသာ ကျွန်မရဲ့နောက်ဆုံးမျှော်လင့်ချက်ဖြစ်ပါတယ်" လို့ဆက်၍ပြောပြခဲ့သည်။ "အဖဘုရား ကိုယ်တော်သာတကယ်ရှိမယ်ဆိုရင်ကျွန်မကိုကူညီပါ" လို့အားကိုးတကြီးနှင့် ဆုတောင်းမိခဲ့သည်။ သူမ၏ဆုတောင်းခြင်းကိုဘုရားရှင်အဖြေပေးခဲ့သည်။

သခင်ယေရှုနှင့်စတင်၍ မိတ်ဆွေဖွဲ့လာသည်။ သူမ၏ အတိတ်ဘဝမှလွတ်မြောက်နိုင်ရန်ခွန်အားများရရှိခဲ့သည်။ ဆုတောင်းခြင်းဖြင့်သူမ၊ မတွေးထားသောအ

အရာများအားဖြင့် ဘုရားသခင်ကူညီမစခဲ့သည်။ သူမ၏ခါးသီးမှုများ၊ အမျက်ဒေါသများကိုဖယ်ရှားပေးခဲ့သည်။

"ငါနင့်ကိုမမုန်းဘူး၊ ငါ့အမုန်းနဲ့ဒေါသကိုဘုရားသခင်ဖယ်ရှားပေးခဲ့တယ်" လို့ ဂျဲနီကသူမ၏ရည်းစားကောင်လေးကိုပြောခဲ့ပါသည်။ ခွင့်လွှတ်ခြင်းအကြောင်းပြောရင်းနှင့်ဘုရားသခင်၏အပြစ်သားအတွက်ကယ်တင်ခြင်းအကြောင်းများကိုပင် ဝေငှခဲ့သည်။ သူမ၏ကိုယ်ပိုင်ခွန်အားနှင့် ဘာမျှမတတ်နိုင်ကြောင်းပင်ပြောပြခဲ့သည်။

အတိတ်ဘဝမှဂျဲနီလွတ်မြောက်ပြီးနောက်ဝိညာဉ်ရေး၌ကြီးထွားရန် ဘုရားသခင်နှင့်၎င်း၊ မိသားစုနှင့်၎င်း အချိန်ပေးကာသူငယ်ချင်းအသစ်များအတွက် ဆုတောင်းပေးခြင်းကို အိုအီကော့စ် အဖွဲ့ငယ်စုဝေးရာအိမ်၌အဖြေတွေ့ရှိခဲ့သည်။

"အိုအီကော့စ် အဖွဲ့ငယ်မိသားစုကိုကျမနှစ်သက်တယ်" ဟု ဂျဲနီပြောပြခဲ့သည်။ "လူတိုင်းကိုအရှိအတိုင်းလက်ခံကြိုဆိုပေးခြင်းက အလုပ်ဖြစ်တယ်" လို့ဆက်၍ပြောပြခဲ့သည်။ ဒီအဖွဲ့အစည်းကတဆင့် ဂျဲနီသည် တီမီနှင့်တွေ့ဆုံခဲ့ရသည်။ အိုအီကော့စ်၏စတင်ဖွဲ့စည်းခြင်းတွင်ပါဝင်ခဲ့သူဖြစ်သည်။အတူသွားအတူလာသူငယ်ချင်းမှချစ်သူဖြစ်လာ၍ဆုတောင်းခြင်း၊ယုံကြည်ခြင်းနှင့်ရည်ရွယ်ချက်များတူသည်အထိရင်းနှီးခဲ့သည်။ ဇူလအကြာ၌ "ထလော့" တပည့်တော်ဖြစ်သင်တန်းကာလ၌ပင်စေ့စပ်၍ဇူလိုင် ၂၀၂၅ ခုနှစ်တွင်လက်ထပ်ခဲ့ကြသည်။

"ကျမသင်ယူခဲ့ရတဲ့ အရေးအကြီးဆုံးအရာကတော့ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်" "ဒါကိုသိမြင်လာရင်ကျမ်းစာဟာအကြောင်းအရာတစ်ခုတည်းကိုပြသနေတာတွေ့မြင်ရမှာပါ" လို့ ဂျဲနီ ပြောကြားခဲ့ပါသည်။ ယနေ့တွင် ဟယ်စင်ကီရှိတက္ကသိုလ်တွင်ကလေးများ၏ငယ်ဘဝကိုလေ့လာသောဘာသာရပ်ကိုသင်ကြားခြင်းဖြင့်အနာဂတ်တွင် အမှုတော်ဆောင်ရန်ပြင်ဆင်လျက်ရှိသည်။ သူမနှင့်တီမီသည်အိုအီကော့စ်အိမ်နား၊ မျက်နှာချင်းဆိုင်လမ်းတွင်နေသည်။

အတိတ်သို့ ပြန်ကြည့်လျှင် ဘုရားသခင်၏ လက်တော်နှင့် ပို့ဆောင်မှုကို ကောင်းစွာမြင်ရသည်။ မြို့လမ်းမထက်တွင် ဝိညာဉ်ရေးမိသားစု ရှာဖွေလျက်ရှိသော ဂျဲနီကိုပြောင်းလဲသောအသက်တာနှင့် အမှုတော်အတွက်အဆင်သင့်ဖြစ်ရန်ပြင်ဆင်ပေးခဲ့သည်။

"ဘုရားကိုအစ၌ ကျွန်မမေ့နေသော်လည်း ယခုတွင်ကျွန်မ၏လမ်းကို ကိုယ်တော်ဦးဆောင်နေသည်ကိုတွေ့နိုင်သည်။ ဖင်လန်နိုင်ငံတလွှားတွင် ဂျဲနီ ကဲ့သို့သက်လတ်ပိုင်းလူငယ်များသည် ယုံကြည်ခြင်းရှင်သန်၍ပန်းတိုင်ရှိသောပတ်ဝန်းကျင်၌အသက်ရှင်နိုင်ရန် ရှာဖွေလျက်ရှိသည်။

ယခုသုံးလပတ်တွင် ကောက်ခံရရှိသည့်အလှူငွေများကို အိုအီကော့စ်အဖွဲ့ငယ်၏အမှုဆောင်ခြင်းကုန်ကျစရိတ်နှင့်အသင်းတော်တည်ထောင်နိုင်ရန်ပြင်ဆင်မှုများ၌အသုံးပြုမည်ဖြစ်သည်။ ဂျဲနီကဲ့သို့ ရိုးစင်းသောဖိတ်ခေါ်မှုမှဝိညာဉ်ရေးမိသားစုရရှိကာခရစ်တော်၌ အသက်တာပြောင်းလဲခဲ့သည်။ သင်၏အလှူငွေသည်ကိုယ်ပိုင်ယုံကြည်ခြင်းခရီးလျှောက်လှမ်းနေသူများ၊ ထိုခရီးအစပြုသူများ ဘုရားသခင်ထံရောက်ရှိရန် ကူညီပေးမည်ဖြစ်သည်။

-o-

## "တိုက်ပွဲကဲ့သို့ခြေလှမ်း"

အောက်တိုဘာလ ၁၀ရက်၊ ရေးသားသူ-ဂျိုး၊ဖင်လန်နိုင်ငံ၊

တစ်ကြိမ်မကဂျိုးလှည့်ပြန်လာခဲ့ဘူးသည်။ ဥပုသ်နေ့မနက်ခင်းတစ်ခု၌အိုအီကော့စ် အိမ်သို့ ဂျိုးပထမဆုံးရောက်ခဲ့စဉ်၊ သူ၏ရင်ထဲ၌စိုးရိမ်နေမိသည်။ ယုံကြည်ခြင်းခရီးကိုစတင်ရာဝယ်လွယ်ကူခြင်းမရှိခဲ့ပါ။ အိမ်မှထွက်ခွာခဲ့စဉ်စိုးရိမ်စိတ်က ဂျိုးကိုလွှမ်းမိုးထားသည်။ ရထားဘူတာရုံသို့လျှောက်လာခဲ့၍ ရထားစီးကာ ဟယ်စင်ကီမြို့ထဲရှိရင်းနှီးသော အိမ်တစ်လုံးဆီသို့လမ်းလျှောက်လာခဲ့သည်။

"ခြေလှမ်းတိုင်းကတိုက်ပွဲလိုပဲ" "ဝိညာဉ်တိုက်လှန်ခြင်းဆိုတာကျွန်တော်မသိဘူး၊ သို့သော်တစ်စုံတစ်ခုကကျွန်တော့်ကိုဒီအိမ်ကိုမလာစေချင်သလိုပဲ" လို့ ဂျိုးက ပြန်ပြောပြခဲ့ပါသည်။

ဘူတာရုံမှအိုအီကော့စ်အိမ်သို့ ငါးမိနစ်သာလမ်းလျှောက်ချိန် ကြာသော်လည်း၊၁၅ မိနစ် ကြာ၍လမ်း၌သုံးကြိမ်ဂျိုးဆုတောင်းခဲ့ပါသည်။ အိမ်ရှေ့၌ ဂျိုး မတ်တတ်ရပ်နေ၍ "ငါလာတဲ့နေရာမှားရင်၊ငါ့ကိုဘယ်သူမှလက်မခံရင်" စသဖြင့်ဂျိုးတွေဝေနေမိသည်။ တံခါးခေါက်လိုက်၍ငါးမိနစ်အတွင်းဘယ်သူမှ တံခါးလာမဖွင့်လျှင် ပြေးထွက်သွားမည်ဟု ဂျိုးစဉ်းစားထားသည်။

တံခါးချက်ချင်းပွင့်လာသည်။ နွေးထွေးသောအပြုံးနှင့် ရိုးသားစွာ ကြိုဆိုမှုကြောင့်တစ်မနက်လုံးကြောက်စိတ်ဖြစ်ပေါ်နေသော ဂျိုး တစ်ယောက်အိမ်ထဲသို့ဝင်လိုက်လျှင် တားဆီးထားသောအရာတစ်ခုကို ဖြတ်ကျော်လိုက်သကဲ့သို့ စိုးရိမ်စိတ်များလွင့်ပြယ်သွားခဲ့ရသည်။

ဖင်လန်နိုင်ငံတွင်ကြီးပြင်းခဲ့ရသော အရင်အချိန်များမှ ပထမဆုံးအကြိမ်အဖြစ်ဘုရားကျောင်းဟုခံစားခဲ့ရသည်။ ထိုင်းတွင်မွေးဖွားခဲ့သောဂျိုးသည် ဖင်လန်ဖခင်နှင့်ထိုင်းမိခင်မှမွေးဖွားလာကာ သတ္တမနေ့အသင်းတော်ဘုရားကျောင်းတွင် ငယ်စဉ်ကတက်ရောက်ခဲ့ဘူး၍ ကျမ်းစာပုံပြင်များနားထောင်ခဲ့ရသည်။ ဘုရားသီချင်းများသီဆို၍အစာမစားမီ ဆုတောင်းခြင်းများသင်ယူခဲ့ရသော်လည်း ယုံကြည်ခြင်းမရှိခဲ့ပါ။

"ဘုရားသခင်တည်ရှိခြင်းကိုကျွန်တော်ယုံပါတယ်""သို့သော်ကိုယ်တိုင်ကိုယ်ကျသေချာမသိပါဘူး" လို့ ဂျိုးကပြောပြခဲ့ပါသည်။ ဂျိုး ၁၃နှစ်တွင်သူ၏မိခင်ဆုံးပါးသွားခဲ့သည်။ ဂျိုး၏မိခင်မဆုံးခင် ခရစ်ယာန်ဖြစ်ခဲ့သော်လည်း၊ အချိန်နည်းနည်းသာယုံကြည်သူဖြစ်ခဲ့သည်။ ဂျိုးဘဝတွင်စိတ်ရှုပ်ထွေးမှုနှင့်ခါးသီးမှုများသာနေရာယူခဲ့ပါသည်။ လူငယ်များနှင့်အဖွဲ့ကျလာ၍ မကြာမီတွင် ဘုရားသခင်ကို မေ့လျော့သွားခဲ့သည်။

"ဘုရားသခင်ကကျွန်တော့်မိခင်ကိုဘာကြောင့်ခေါ်သွားရတာလဲ၊ပြီးတော့လူငယ်တစ်စုနဲ့ပေါင်းမိတယ်" လို့ ဂျိုးက ပြောပြခဲ့ပါသည်။ "ကျွန်တော် လျှောက်သွားတယ်" "နှစ်အတော်ကြာ ပါတီတက်၊အရက်သောက်၊ အောက်လမ်းအတတ်ပညာ အထိယုံကြည်ခဲ့သော်လည်း ကျွန်တော့်ရဲ့နာကျင်မှုကိုမကုစားနိုင်ခဲ့ပါဘူး" လို့ဆက်ပြောခဲ့ပါသည်။

ဂျိုး အသက်၂၀ နောက်ပိုင်းတွင်အားလုံးဆုံးရှုံး၍မောပန်းနေခဲ့သည်။ စိတ်ဓာတ်ကျ၍စိုးရိမ်ကာ ကိုယ်အလေးချိန်များတက်နေခဲ့သည်။ မျှော်လင့်ချက်ပျောက်ဆုံး၍နာကျင်မှုကအရှိန်မြှင့်လာသည်။"တစ်ညတွင်၊ကမ္ဘာကြီးကကျွန်တော့်ကိုမေ့နေတယ်"လို့ခံစားရကာသူ၏ဘဝအောက်ဆုံးအခြေအနေ၌စိတ်ထဲတွင်ပေါ်လာသောစကားတစ်လုံးက "ဆုတောင်း " ပါ။

"ငယ်စဉ်ကသင်ခဲ့ရတဲ့ဘုရားသခင်ကို ဆုတောင်းရန်ဖြစ်ကြောင်း ကျွန်တော်ကောင်းစွာသိသည်" ဟု ဂျိုးပြောခဲ့သည်။ ထိုည၌ စိတ်နှလုံးအကုန်သွန်ချ၍နှိမ့်ချစွာဘုရားသခင်ကို သူ၏နာကျင်မှုများဖယ်ရှား၍ အသက်ရှင်စေမည့်အကြောင်းစိတ်ရောကိုယ်ပါဆုတောင်း၍ လပေါင်းများစွာအိပ်ပျက်ခြင်းကိုတိုက်ဖျက်ကာ ကောင်းစွာအိပ်စက်ခွင့်ကို ဘုရားသခင်ပေးခဲ့သည်။

အိပ်ယာမှနိုးသော်တစ်ခုခုထူးခြားနေသည်။ "စိတ်ဓာတ်ကျမှုမရှိတော့ပါ" ဟု ဂျိုး ပြောပြခဲ့သည်။ "ဘုရားကူညီမှုဖြစ်ကြောင်းကျွန်တော်သိသည်"။

ထိုနောက် အလုပ်သို့စက်ဘီးစီးသွား၍ ဆောင်းတွင်း၊ ညမှောင်သော်လည်းစိတ်ထဲတွင်ပျော်ရွှင်မှုခံစားခဲ့ရသည်။ "ကျွန်တော့်အတွက် နေရောင်ထွန်းလင်းနေသကဲ့သို့ခံစားရသည်" ဟုဂျိုးပြောပြသည်။ ဝမ်းမြောက်ပျော်ရွှင်စွာသူ၏နှလုံးသားကိုဘုရားသခင်ထံပေးအပ်ခဲ့သည်။ မကြာခင် အိုအီကော့စ်အိမ်မှ ဖိတ်ခေါ်မှုနောက်သို့ဂျိုးလိုက်သွားခဲ့သည်။

"အခုလိုစုပေါင်းဝတ်ပြုကိုးကွယ်တဲ့ဘုရားကျောင်းမျိုး ကျွန်တော်မကြုံခဲ့ဖူးပါဘူး""သူတို့ကျွန်တော့်အကြောင်းသေချာစွာနားထောင်ပေးပြီးပိုသိချင်ကြပါတယ်။ သူတို့မဝေဖန်ကြပါဘူး။ လက်ခံပေးကြပါတယ်" လို့ဂျိုးကပြောပြခဲ့ပါတယ်။ ပထမဆုံးဥပုသ်နေ့တွင်ထိုနေရာ၌ ဂျိုးသည်ကြာမြင့်စွာနေ၍သူ၏အကြောင်းကို မေးလာသူတိုင်းကိုထပ်ခါထပ်ခါပြောပြပေးလျက်ရှိသည်။ ထိုနေ့ ပြီးသည့်နောက်သူ၏စိတ်ထဲတွင်ဝိညာဉ်ရေးမိသားစုရရှိလိုက်ပြီဟု သိရှိခံစားခဲ့ရသည်။ "ကျွန်တော့်စိတ်ကိုလှုပ်ရှားစေတဲ့အရာကတော့ အိုအီကော့စ်အဖွဲ့သားများက သခင်ခရစ်တော်ရဲ့သွန်သင်ချက်များကိုသင်ကြားပေးခြင်းထက် ထိုကဲ့သို့ကိုယ်တိုင်နေထိုင်ခြင်း သာဖြစ်တယ်" လို့ ဂျိုး ကပြောပြခဲ့ပါသည်။

ထိုပတ်ဝန်းကျင်အသစ်ကလူတွေရဲ့အားပေးမှုကိုရရှိပြီး ဂျိုး တစ်ယောက်ဘဝအသစ်ရရှိခဲ့ပါတယ်။ ယနေ့တွင် ဂျိုးတစ်ယောက် ဘာသာရေးဘွဲ့ယူရန်သင်ကြားလေ့လာပြီး သာသနာပြုတစ်ယောက်ဖြစ်ရန်ပြင်ဆင်လျက်ရှိသည်။ ဂျိုး၏ဆန္ဒသည်သူကဲ့သို့ဘုရားသခင်ကို လိုအပ်သူများအတွက်ဘုရားကို ရရှိပိုင်ဆိုင်ရန်ကူညီပေးသောအိုအီကော့စ်အိမ်တွင် တရားဟောဆရာဖြစ်လာရန်နှင့် ထိုအိမ်ကဲ့သို့ အသင်းတော်အများအပြားဖြစ်လာရန် ကူညီရန်ဖြစ်ပါသည်။

"ဒီအိမ်ဟာ ဘုရားသခင်နိုင်ငံတော်သို့ဝင်စားရန်ဘုရားသခင်၏မေတ္တာကိုရှာဖွေနေသူများအတွက်လမ်းညွှန်အဖြစ် အသုံးပြုရာနေရာဖြစ်ပါတယ်"။ ဂျိုး၏နောက်ကြောင်းအတိတ်သို့ပြန်ကြည့်လျှင် သူ၏ခြေလှမ်းတိုင်းတွင် ဘုရားသခင်၏ လက်တော်ကိုမြင်တွေ့ရ၍သူငယ်စဉ်ကမျိုးစေ့ချပေးခဲ့သော၊ရှည်လျား၍ခက်ခဲသောဘဝလမ်းတွင်လျှောက်ခဲ့ရသော်လည်း နောက်ဆုံးအိမ်ကိုရောက်ခဲ့ပါပြီ။

ဂျိုး၏အဖြစ်အပျက်ကကျွန်ုပ်တို့ကိုသတိပေးလျက်ရှိသည်။ ဂျိုး၏ယုံကြည်ခြင်းခရီးစဉ်အစသည် ယုံကြည်သူများရှိရာ ပတ်ဝန်းကျင်ကိုသူရှာဖွေခြင်းနှင့် စခဲ့ပါသည်။ အိုအီကော့စ်အိမ်သာသနာအားဖြင့်ဝန်လေးသောသူများ၊ အထီးကျန်သူများ၊

သံသယများသူများ၊ကြောက်တတ်သူများအတွက်ဘုရားသခင် ပြုပြင်ပေးသောနေရာကိုရိုးသားစွာနေရ၍၊ သခင်ခရစ်တော်၏မေတ္တာဖြင့် ကုသမှုခံယူ၍ဒဏ်ရာများမှ သက်သာပျောက်ကင်းစေခဲ့ပါသည်။

ယခု ၁၃ ပတ်အလှူငွေသည်အိုအီကော့စ်အိမ်၏ပြင်ပသာသနာတိုးချဲ့ရန်နှင့် အသင်းတော်အများအပြားတိုးချဲ့နိုင်ရန် လုပ်ဆောင်မှု၌ အသုံးပြုမည် ဖြစ်သည်။ ကျေးဇူးတင်ပါသည်။

-၀-

## "အသက်တာပြောင်းလဲခြင်း"

အောက်တိုဘာ ၁၇ ရက်၊ ရေးသားသူ-မီခါအယ်၊ဖင်လန်နိုင်ငံ။

"ကိုယ်တော်ကြွလာ၍၊ ကျွန်တော့်အသက်တာကိုပြောင်းလဲပေးပါ" ဤရိုးစင်းသောဆုတောင်းခြင်းသည် အကျင့်ကိုဖောက်ဖျက်မရ၍ အားနည်းနေသောလူငယ်လေးထံမှဖြစ်သည်။ မီခါအယ် သည်ဖင်လန်၌မွေးဖွား၍ဖခင်ဘက်မှကြည့်လျှင် သတ္တမနေ့အသင်းသားမျိုးရိုးလေးဆက်မြောက်ဖြစ်ပြီး၊ မိခင်သည် သူ၏ဖခင်နှင့် လက်ထပ်ပြီးနောက်သတ္တမနေ့အသင်းသူဖြစ်လာခဲ့သည်။မီခါအယ်ကိုကိုယ်ဝန်လွယ်ထားစဉ် ဒီကလေးကို ဘုရားသခင်၏အမှုတော်အတွက် ဆက်ကပ်မည်ဖြစ်ကြောင်း ကတိထားခဲ့သည်။

မီခါအယ်ကလေးအရွယ်၌မိခင်၏ဆက်ကပ်ခြင်းကိုအကုန်အစင်နားလည်ခြင်းမရှိပါ။ ၃နှစ် သားအရွယ်၌သူ၏အခန်းထဲတွင် "အိမ်တွင်းဝတ်ပြုခြင်း" ပြုလုပ်၍ ကစားခဲ့ကြောင်းသူမှတ်မိသည်။ အသက် ၁၁ နှစ်တွင်နှစ်ခြင်းခံခြင်းဖြင့် ဘုရားသခင်ကိုလက်ခံခဲ့သည်။များမကြာမီမိသားစုလိုက်ဖင်လန်နိုင်ငံကျေးလက်ဒေသသို့ပြောင်းရွှေ့သွားသည်။ သတ္တမနေ့အသင်းတော်ငယ်လေးရှိ၍ သီးခြားရှိနေသည်ဟုခံစားရ

သည်။ ယုံကြည်သူအနည်းငယ်နှင့် လူမျိုးစုငယ်လေးသာ နေထိုင်သောရွာလေးဖြစ်သည်။

ထိုအခြေအနေနှင့်နေထိုင်ရမှုကို လက်ခံနိုင်ရန် ရှုန်းကန်နေရ၍ဆေးလိပ်စတင်သောက်တတ်လာသည်။ အရက်သေစာသောက်စားကာ ပါတီတက်ရောက်ခြင်းများနှင့်သူ၏လူငယ်အစောပိုင်းကာလကိုကုန်လွန်စေခဲ့သည်။ ရုံးပိတ်ရက်များတွင် အရက်သောက်ခြင်းနှင့်သာကုန်လွန်၍ ရံဖန်ရံခါ ဘုရားကျောင်း၏ အနောက်ဆုံးခုံတန်း၌ အရက်နာကျကာထိုင်နေတတ်သည်။

မီခါအယ်သည်ဘုရားသခင်ကိုယုံကြည်ခြင်း၌ မရပ်တံ့ခဲ့သော်လည်း ဘုရားသခင်နှင့်လောကီအရာနှစ်ခုကြား၌ ဆုတ်ဖြဲခံနေရသကဲ့သို့ဖြစ်နေသည်။ နွေရာသီတရားပွဲများတဲစခန်း၌ကျင်းပခြင်းသည် မီခါအယ်အတွက်အသက်ကယ်ဆေးကဲ့သို့ဖြစ်လာသည်။ နှစ်တိုင်းအစဉ် ဘုရားသခင်ထံပြန်လှည့်ရန် ဆွဲယူခြင်းခံရသော်လည်းတစ်နှစ်တွင်ကျောင်းပြန်တက်၍သူ၏ဆန္ဒအားဖြင့်သူ၏အကျင့်ကိုပြင်ရန်မတတ်နိုင်ခဲ့ပါ။ အသက် ၁၅ နှစ်တွင်ကြိုးစားရုန်းကန်မှုသည်အမှောင်ဆုံးအချိန်သို့ရောက်ခဲ့သည်။ “ကျွန်တော်စိတ်ကြေကွဲ ဝမ်းနည်းခဲ့ရတယ်” “ဝိညာဉ်ရေးတိုက်ပွဲလို ခံစားခဲ့ရတယ်” လို့ မီခါအယ် ပြန်ပြောပြခဲ့သည်။

တရားပွဲတစ်ခု၌ဧည့်သည်သက်သေခံသူတစ်ဦးမှသူ၏အသက်တာပြောင်းလဲခဲ့ပုံကိုပြောဆိုစဉ် မီခါအယ်နားထောင်လျက်ရှိသည်။ နောက်ဆုံးအတန်းမှာထိုင်ပြီးသူ၏ ၂၅ နှစ်တာသက်တန်းအထိဘာမှထူးခြားမှုမခံစားခဲ့ရပါ။ ထိုသို့စိတ်ရှုပ်ထွေးမှု၌တိုးညှင်းသောခေါ်ခြင်းကို ခံစားမိခဲ့သည်။ သေချာပြည့်စုံစွာမရှင်းပြတတ်သော်လည်းထိုခေါ်ဖိတ်ခြင်းကို သူ မငြင်းနိုင်ချေ။

ကိုယ်ပိုင်ဆုံးဖြတ်ချက်ကြောင့်ပြန်လှည့်လာနိုင်ခဲ့ခြင်းမဟုတ်ပါ။ ဘုရားသခင်ထံရှိသမျှအပ်နှံခြင်းကြောင့်ဖြစ်သည်။ ပါတီပွဲမှအိမ်ပြန်နောက်ကျသော ညတစ်ည၌မီးရထားဘူတာရုံ၌ ရထားစောင့်စဉ်မှန်၌မိမိကိုယ်ကိုပြန်ကြည့်မိ၍ “ငါဘာဖြစ်

လာမလဲ” လို့ကိုယ့်ကိုယ်ကိုမေးမိသည်။ အဆောင်ပြန်ရောက်လျှင် “ဘုရားသခင်ဒီလို နေရတာကျွန်တော်ကြိုက်ပါတယ်။ အသက်တာမပြောင်းလဲချင်ပါဘူး။ သို့သော် ကိုယ်တော်ကျွန်တော့်အသက်တာကို ပြောင်းလဲချင်ရင် ပြောင်းလိုက်ပါ။ ကျွန်တော် လက်ခံပါတယ်” လို့ ရိုးသားစွာဆုတောင်းခဲ့ပါသည်။

နောက်များမကြာမီ “ကိုယ်တော်ကြွလာ၍ကျွန်တော့်အသက်တာကိုပြောင်း လဲပေးပါ” ဟုနောက်တစ်ကြိမ်ဆုတောင်းမိသည်။ စိတ်နှလုံးထိခိုက်စေသည့်အဖြစ် အပျက်အားဖြင့်မဟုတ်၊ တိတ်ဆိတ်သောအသက်တာ ပြောင်းလဲစေခြင်းဖြင့် ဘုရား သခင်သူ၏ဆုတောင်းသံကိုနားညောင်းခဲ့သည်။မီခါအယ်သည်သူတစ်ခုခုထူးခြား လာသည်ကိုတွေ့မြင်လာသည်။ အကျင့်ဆိုးတွေကိုမပြုကျင့်ဘဲ၊ ယုံကြည်ခြင်း၌အ လေးအနက်ရှိသောသူငယ်ချင်းနှင့်အချိန်ကုန်လွန်လာခဲ့သည်။

သူငယ်ချင်းများနှင့်အတူဆုတောင်းပြီးသောညနေခင်းတစ်ခု၌ စိတ်လှုပ်ရှား ခြင်းမရှိ၊ တည်ငြိမ်နေ၍စိတ်ထဲ၌အရာရာပြောင်းလဲသွားသည်ဟုခံစားလာခဲ့ရသည်။ “ကျွန်တော်ဘာမှမခံစားရပေမယ့်၊ ဘယ်တော့မှနဂိုလိုပြန်မဆိုးတော့ပါဘူး” ဟုမီခါ အယ်ပြောပြခဲ့သည်။ နောက်မကြာမီအချိန်တွင်သူ့အားမမျှော်လင့်သောနည်းနှင့်ဘု ရားသခင်ပုံသွင်းယူခဲ့သည်။တစ်နေ့သောဥပုသ်နေ့၌ပျင်း၍ရှော့ပင်းမောလ်ထဲ၌ လျှောက် သွားနေခဲ့သည်။

ထိုစဉ်လူတစ်ဦးဦးကို ဘုရားသခင်အကြောင်းပြောပြချင်စိတ် မီခါအယ်၌ ပြင်းထန်စွာဖြစ်ပေါ်လာခဲ့သည်။ကောင်းစွာမပြောနိုင်မှာတွေးမိသော်လည်းအလို တော်ဝန်ခံခဲ့သည်။ စကားပြောနေစဉ်အတွင်း အလှမ်းဝေးလျက်ရှိသည်ဟုထင်မှတ် သောယုံကြည်ခြင်းသည်အမှန်ခံစားလာခဲ့ရသည်။

“ထိုသို့ဘုရားသခင်အကြောင်းပြောကြားခြင်းဖြင့်ကျွန်တော့်ကိုဘုရားသခင် သင်ကြားပေးခဲ့သည်” ဟု မီခါအယ် ပြောပြခဲ့သည်။ ထိုအတွေ့အကြုံသည်သူ၏သာ သနာပြုခရီးအစပျိုးရန် မှတ်တိုင်ဖြစ်ခဲ့သည်။

အထက်တန်းအောင်ပြီးနောက် ဩစတြေးလျ၌ ကျင်းပသောသာသနာပြု သင်တန်းသို့တက်ရောက်ခဲ့သည်။ အိပ်မက်ကအကောင်အထည်ပေါ်လာခဲ့သည်။ ဖင်လန်သို့ပြန်လာ၍အသင်းတော်ဖြစ်လာရန်အစပြုလုပ်ဆောင်ရန်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင်ဟယ်စင်ကီမြို့ရှိ အသင်းတော်ဖွဲ့စည်းနိုင်ရေး လုပ်ဆောင်လျက်ရှိသောသာသနာပြုအစီအစဉ်၌ပါဝင်ရန်ဆက်သွယ်ခဲ့သည်။

၂၀၂၀ ခုနှစ်ရောက်လျှင်ကပ်ရောဂါဆိုးကြီးကြောင့် မီခါအယ်၏အစီအစဉ်များရပ်တံ့သွားခဲ့ရသည်။ ပြည်ပမှချစ်သူနှင့်ခွဲနေရသည်။ အလုပ်လက်မဲ့ဖြစ်သွား၍ ငွေကြေးအခက်အခဲဖြစ်လာသည်။ အကြီးအကျယ်စိတ်ပျက်ခဲ့ရသည်။ ဖယ်ကြဉ်ထားခြင်းခံရသကဲ့သို့ဖြစ်၍ အိပ်ရေးမဝသလိုခံစားခဲ့ရသည်။ သူ့ထံမှမျှော်လင့်ချက်များကိုအဘယ်ကြောင့်ဘုရားသခင်နှုတ်ယူသနည်းဟုမေးခွန်းထုတ်မိသော်လည်း၊ယခုတစ်ကြိမ်တွင်လည်း ဘုရားသခင်တိတ်တဆိတ် ကူမတော်မူသည်။

ထိုနှစ်နွေရာသီ၌ အဖွဲ့ငယ်ဖွဲ့စည်းမှုစတင်၍ ပေါ်လာသည်။ တစ်လမပြည့်မီတွင်အဖွဲ့ငယ်စုဝေးရာအိမ်ကိုသတ်မှတ်ချက်နှင့်အညီစတင်ဖွင့်လှစ်နိုင်ခဲ့၍ ၂၀၂၀ ဩဂုတ်လတွင် အိုအီကော့စ်အိမ်ကလေးကိုစတင်နိုင်ခဲ့သည်။

ယုံကြည်ခြင်းခြေလှမ်းများသည်အားနည်းခြင်းနှင့်စတင်ခဲ့သော်လည်းသတ္တမနေ့အသင်းတော် တည်ထောင်နိုင်ရန်မာန်ဟုန်ပြင်းသောခြေလှမ်းများအဖြစ် တိုးတက်ပြောင်းလဲခဲ့သည်။ အိုအီကော့စ်အိမ်၌ ဥပုသ်နေ့တိုင်း လူငယ်သက်လတ်ပိုင်းများသည်ကျမ်းစာလေ့လာရန်၊ဝတ်ပြုကိုးကွယ်ရန်၊အတူစားသောက်ရန်၊မိတ်သဟာယဖွဲ့ရန်စုရုံးလေ့ရှိကြသည်။ နောက်ခံဘဝအမျိုးမျိုးမှ ရောက်လာကြသော လူများသည်နိုင်ငံပေါင်း ၃၀ ကျော်မှဖြစ်၍စစ်မှန်သောယုံကြည်ခြင်းကို ခံစားလာရသောအခါနွေးထွေးသောနေရာလေးတစ်ခုဖန်တီးခဲ့ကြသည်။

၆နှစ်ကျော်ကြာလာသည်နှင့်အမျှအိုအီကော့စ်အိမ်တွင်လူပေါင်းရာနှင့်ချီ၍ဝင်ထွက်ခဲ့ကြသည်။ အချို့နှစ်ခြင်းခံကြသည်။ အချို့တွင်ယုံကြည်ခြင်း ပိုနက်ရှိုင်း

သောကြောင့်အမှူဆောင်ဖြစ်ရန်ရွေးချယ်ကြသည်။ မိသားစုတစ်ခုကိုရှာဖွေသောလူငယ်လေးတစ်ဦးသည်ဝိညာဉ်ရေးမိသားစုကိုရှာတွေ့ခဲ့သည်။

ယခုဘုရားသခင်၏လက်တော်ကို မီခါအယ် ရှင်းလင်စွာတွေ့မြင်ခဲ့ရသည်။ အိုအီကော့စ်အိမ် သာသနာလုပ်ငန်းစဉ်သည် ကြီးထွားလာခဲ့သည်။ နောက်ထပ်အသင်းတော်များတိုးချဲ့၍လူငယ်များကို သာသနာပြုခေါင်းဆောင်များအဖြစ် ပြုစုပျိုးထောင်ပေးရန် ပိုကြီးသောစီမံကိန်းချမှတ်လျက်ရှိသည်။

ယခု ၁၃ ပတ်အလှူငွေသည်အိုအီကော့စ်အိမ်သာသနာကဲ့သို့ဘုရားကျောင်းများစွာဖွင့်လှစ်နိုင်ရန် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ သင့်စားပွဲ၌ ယုံကြည်စွာဆုတောင်းပေးခြင်း၊ ရိုးသားစွာဆုတောင်းခြင်းဖြင့် အသက်တာများ ပြောင်းလဲလာပါလိမ့်မည်။ ကျေးဇူးတင်ပါသည်။

-o-

## “ဘယ်တော့မှအထီးမကျန်ဘူး”

အောက်တိုဘာလ ၂၄ ရက်၊ ရေးသားသူ-ဒါရီယို၊ ကော်စတာရီကာ

၂၀၂၀ မတ်လ ၂၂ရက်နေ့နံနက်ငါးနာရီတွင် ပါစတာဒါရီယို နိုးလာခဲ့ပါသည်။ စောစောထရန် အစီအစဉ်မရှိပါသော်လည်း အိပ်ရေးဝစွာနိုးလာခဲ့၍ သီချင်းဆိုချင်စိတ်ဖြစ်ပေါ်နေသည်။ အိပ်ယာမှလူးလိမ့်ထ၍ ဂီတာကိုကိုင်လိုက်ပြီး၊ စတင်သီချင်းဆိုမိပါတော့သည်။ “ဘယ်တော့မှငါတစ်ယောက်တည်းမဟုတ်ဘူး၊ ဘယ်တော့မှအထီးမကျန်ဘူး” ဆိုသောစာသားကိုမိနစ်၃၀လောက်ထပ်ခါထပ်ခါဘာကြောင့်မှန်းမသိဆိုနေမိသည်။

ထိုနောက်အိပ်ယာနံဘေးတွင် ဒူးထောက်ကာ ကိုဗစ်-၁၉ကာလအတွင်းအွန်လိုင်းပေါ်မှတဆင့် သာသနာပြုလုပ်ငန်းလုပ်ဆောင်မှုအတွက် ဆုတောင်းခဲ့သည်။ နေ့

စဉ်မျှော်လင့်ချက်တိုးပွားစေသော တရားစကားများကိုမပျက်မကွက် တင်ဆက်ရင်းကြိုးစားလုပ်ဆောင်သော်လည်း ကြည့်ရှုသူနည်းပါးလျက်ရှိသည်။ လူများ၏စိတ်နှလုံးသားကိုထိခိုက်စေမည့်အစီအစဉ်ဖြစ်ရန်ကိုယ်တော်၏ မစကူညီမှုကို တောင်းခံခဲ့ပါသည်။

တစ်ချို့ညအိပ်ယာဝင်ချိန်ကုတင်ပေါ်တွင်လဲလျောင်းစဉ် သူ၏လက်နှစ်ဖက်ကိုမိုးပေါ်သို့ဆန့်ထား၍ ဘုရားသခင်ထံဆုတောင်းလေ့ရှိသည်။ ယခုတွင် သူ၏အသင်းသားများအတွက်ဖြစ်သည်။

အသင်းသားများကိုခွန်အားပေးရန်၊ထိုသူများကိုဘုရားသခင်နှင့်ပိုနီးစွာဆွဲယူ၍ထွေးပွေ့ထားပေးရန် ဆုတောင်းပေးလျက်ရှိသည်။

တရားဟောဆရာဒါရီယိုသည်သမိုင်းဝင်ဇာဂရတ် ၁သတ္တမနေ့အသင်းတော်တွင်အမှုတော်ဆောင်တစ်ဦးဖြစ်သည်။ထိုအသင်းတော်သည်ခရိုအေးရှား၌ပထမဆုံးအသင်းသားဖြစ်ပေါ်လာသောအသင်းတော်ဖြစ်သည်။ ခရိုအေးရှားမြို့တော်၌သတ္တမနေ့အသင်းတော်အတွက်ကိုယ်ပိုင်ဝတ်ပြုဆောင်ကို ၁၉၃၅ ခုနှစ်တွင်တည်ဆောက်နိုင်ခဲ့သည်။ ဆက်ကပ်သောအသင်းသားများမှဉပဒေဆိုင်ရာနှင့်လူမှုပတ်ဝန်းကျင်၏စိန်ခေါ်မှုများကိုအံတု၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုဝတ်ပြုဆောင်တွင် လှပသောသမိုင်းကြောင်း ၂ခု ရှိခဲ့သည်။ ထိုဝတ်ပြုဆောင်အထက်တွင် ဉပုသ်စာဖြေကျောင်းဆောင်၊ ရုံးခန်းများ၊ စာကြည့်တိုက်၊ ပုံနှိပ်တိုက်၊ အခြားအခန်းများစွာတည်ရှိပါသည်။

တရားဟောဆရာဒါရီယိုသည်ထိုတိုက်ခန်း၌နေသည်။ နံနက်ဇနာရီ၃၄မိနစ်သူဆုတောင်းစဉ်တွင် အဆောက်အဦးတစ်ခုလုံး ကြောက်စရာ လှုပ်ခါမှုဖြစ်ခဲ့သည်။ မီးခံသေတ္တာများလဲပြိုသံ၊ နံရံများပြိုကျသံနှင့် ကြမ်းပြင်များ နိမ့်ဆင်းသွားသံများထွက်ပေါ်လာသည်။

သို့သော်သူ့စိတ်ထဲတွင်ငြိမ်သက်လျက်ရှိသည်။ ဘုရားသူနှင့်အတူရှိကြောင်း သိသည်။ သူသီဆိုခဲ့သောသီချင်းစာသားအတိုင်းအထီးကျန်စိတ်ကို သူမခံစားခဲ့ရပါ။ “ဘုရားသခင်၊ ကျွန်တော်အဆင်သင့်ရှိပါတယ်။ အကယ်၍ကျွန်တော်သေခဲ့မယ်ဆို လျှင်” သူဆုတောင်းစဉ်လှုပ်ခါမှု ထပ်မံဖြစ်ပွား၍အနီးရှိတိုက်မှပြိုကျသံကြားလိုက်ရ သည်။ မြေလျှင်သည်ဇာဂရက်မြို့ကြီးကို ညက်ညက်ခြေနေသလို ကိုင်လှုပ်နေခဲ့ပါ သည်။ အဝတ်အစားမြန်မြန်လဲဝတ်ပြီးတရားဟောဆရာဒါရီယိုသည်အခန်းအပြင်သို့ ထွက်ပြေးလာကာအိမ်နီးချင်းများကိုစုစည်း၍ ကြောက်လန့်နေသူများကိုနှစ်သိမ့်ပေး လျက်ရှိသည်။ဇာဂရက်မြို့ထဲရှိအဆောက်အဦးများစွာပျက်စီးခဲ့သည်။ထိုအဆောက် အဦးများထဲတွင်သမိုင်းဝင် ဇာဂရက်ာ သတ္တမနေ့အသင်းတော်၏ဘုရားကျောင်း၊ရုံး ခန်း၊ ပုံနှိပ်တိုက်စသောအခန်းပေါင်းများစွာပါဝင်သော အသင်းတော်ပိုင်အဆောက် အဦးလည်းပျက်စီးခဲ့သည်။ နံနက် ၁၀ နာရီတွင်သူ့ထံဖုန်းဝင်လာသည်။

မိသားစုများထံမှဖုန်းဖြစ်၍ “အိမ်ကိုလာခဲ့” လို့ သူ၏အမေမှခေါ်သောအခါထိုမြို့ မှခဏထွက်ခွာလျှင် ကောင်းမည်ဟုတွေးမိ၍ အထုပ်အပိုးများပြင်ဆင်တော့သည်။

ရုတ်တရက်စိတ်ထဲတွင်“မင်းဘယ်သွားမလို့လဲ” “အိမ်” ဟု အသံအကျယ်ဆုံး အော်၍ ဖြေလိုက်သည်။ “ရပ်လိုက်၊ရုံးခန်းကိုသွား” ဟု လှုံ့ဆော်နေသလိုနားထဲတွင် အသံကြားသည့် အတိုင်းဘာဆက်ဖြစ်မည် မသိသော်လည်း ရုံးခန်းသို့သွားလိုက် သည်။

အံ့သြစရာကောင်းလောက်အောင်သူအသုံးပြုသော သာသနာပြန့်ပွားရေးအ တွက်ရုပ်သံလွှင့်သောစက်ပစ္စည်းမှာ လက်ရာမပျက်အရာမယွင်းအကောင်းအတိုင်း ရှိနေသည်။ နောက်များမကြာမီကွန်ဖရန့် ဉက္က၃ ရောက်လာသည်။ မြေလျှင်ပြင်း ထန်စွာလှုပ်ခတ်မှုကြောင့်အွန်လိုင်းတွေ့ဆုံမှုများ ရပ်နားထားသင့်သည်ဟု သူယူဆ လျက်ရှိသည်။

စက်ဆရာသည်စက်များကို စစ်ဆေးလျက်ရှိသည်။ “ဒီနေ့ ရုပ်သံထုတ်လွှင့်လို့ရတယ်” လို့သူတို့ပြောချိန်၌ ဥက္ကဌကတရားဟောဆရာဒါရီယိုထံလှည့်၍ “ထုတ်လွှင့်ဖို့ဆန္ဒရှိလား” လို့မေးလိုက်ပါသည်။ “ဟုတ်ကဲ့” လို့တွေဝေခြင်းမရှိ ဖြေလိုက်၍ “ကျွန်တော်ထုတ်လွှင့်မယ်” လို့ခိုင်မာစွာပြောဆိုခဲ့သည်။ ထိုနေ့ညထုတ်လွှင့်မှုစတင်ချိန်၌ တစ်ခုခုဖြစ်ပေါ်လာသည်။

ကြည့်ရှုသူနှုန်း တရှိန်ထိုးတက်လာသည်။ ထောင်နှင့်ချီသော လူများစွာတုန်လှုပ်ခြောက်ခြား၍ မျှော်လင့်ချက်မဲ့၍မျှော်လင့်စရာကိုရှာဖွေလျက်ရှိကြသည်။”မြေငလျင်လှုပ်ခတ်မှုနှင့်တွေ့ကြုံရပြီးနောက်တွင် တရားဟောဆရာဒါရီယို၏ ရုပ်သံထုတ်လွှင့်မှုကို ကြည့်ရှုလာကြ၍အားယူခဲ့ကြသည်” ဟုဒါရီယိုပြောခဲ့သည်။ ဒီထုတ်လွှင့်မှုအစီအစဉ် ဆက်လက်ထုတ်လွှင့်ရန်လိုအပ်သည်။ ဝမ်းနည်းစရာအဖြစ်အပျက်မှအသစ်ပြန်စတင်နိုင်ရန် ဘုရားသခင် လုပ်ဆောင်ခဲ့သည်။

ထိုအချိန်မှစ၍ ရုပ်မြင်သံကြား၊လေလှိုင်းပေါ်မှသာသနာပြုခြင်း အစီအစဉ်သည်ကျယ်ပြန့်လာခဲ့သည်။ ဆရာဒါရီယိုနှင့် အခြားသတ္တမနေ့အသင်းမှ သာသနာပြုဆရာများမှ စတင်သောယူကျူ့ရုပ်သံလိုင်းသည်ယနေ့အထိတိုင် ဆက်လက်၍ထုတ်လွှင့်နေကာထောင်ချီသော လူသားများထံသတင်းစကားရောက်ရှိကာ ရာပေါင်းများစွာသောလူများကို ကျမ်းစာသင်ပေးလျက်ရှိသည်။

ကွန်ပျူတာစနစ်ပြင်ပသာသနာလုပ်ငန်းတိုးတက်လာသည်ကို သတိထားမိလာသည်။ ယခုတွင်တရားဟောဆရာဒါရီယိုသည် ထရန့်(စ)ယူရိုပီးယမ်းဒီဝီဇံရှိအာဒရာတစ်ယူနီယံ ကွန်ဖရင့်(စ)တွင် လူထုဆက်သွယ်ရေးဌာန၌ ညွှန်ကြားရေးမှူးအဖြစ်အမှုတော်ဆောင်လျက်ရှိသည်။ မြေငလျင်ကြောင့်ဇာဂရက်ဘ သာသနာ့အဆောက်အဦးကြီးသည် အပိုင်းပိုင်းကျိုးပဲ့၍ကြေမွပျက်စီးခဲ့ရသည်။ ထိုသမိုင်းဝင်အဆောက်အအဦးကိုပြင်ဆင်နိုင်ရန် ကြိုးစားခဲ့ကြသည်။ ယာယီသီးသန့်နေရာများ၌ တွေ့ဆုံပွဲများ၊ သစ္စာရှိစွာဝတ်ပြုကိုးကွယ်မှုများ၊ မျှော်လင့်ခြင်းရှိသော သက်သေခံချက်များ

ကိုဝေမျှ၍ပတ်ဝန်းကျင်၌ သက်သေခံခြင်းဖြင့်ထိုအဆောက်အဦးကိုတဖန်ပြန်လည် တည်ဆောက်ရန် ဆက်လက်ကြိုးစားလျက်ရှိသည်။

ယခု ၁၃ ပတ် အလှူငွေသည်ဇာဂရက် ၁ ဝတ်ပြုဆောင်အသစ်ပြန်လည် တည်ဆောက်ရာ၌ကူညီမှုပေးမည်ဖြစ်သည်။ ထိုအဆောက်အဦးထဲတွင် ဘုရားရှိခိုး မည့်နေရာအခန်း၊ သာသနာပြုဆိုင်ရာရုံးခန်းများ၊ ပြင်ပသာသနာ ရုပ်သံလွှိုင်းထုတ် လွှင့်ခန်းများကို တဖန်အားဖြည့်ရာနေရာ ဖြစ်လာမည်ဖြစ်သည်။ သင်၏ကူညီမှုအ တွက်ကျေးဇူးတင်ပါသည်။ အဆောက်အဦးသက်သက်မဟုတ် ခရိုအေးရှားအတွက် မျှော်လင့်ခြင်း ဗဟိုချက်နေရာဖြစ်လာပါမည်။

-ဝ-

## “ကျွန်ုပ်ကိုအမှန်တရားပြပါ”

အောက်တိုဘာလ ၃၁ ရက်၊ ရေးသားသူ-နီကာ၊ခရိုအေးရှား

ကျောင်းတက်ရက်များ၏နေ့လည်ခင်းတွင်တိတ်ဆိတ်ငြိမ်သက်မှုနှင့်ပြည့် နေသော “ပရာလာ(စ်) ကျောင်း၏စာကြည့်တိုက်တွင်ဖြစ်သည်။ ခုံတစ်လုံးပေါ်တွင် နီကာထိုင်နေသည်။ ခက်ခဲစွာအိမ်စာလုပ်နေသော ကလေးငယ်လေးကို နီကာကူညီ ပေးနေစဉ် “တို့တွေဆုတောင်းကြမလား” ဟုကြင်နာစွာမေးလိုက်ပါသည်။

နီကာသည်တစ်ပတ်လျှင်ကျောင်းသား ၁၂ ယောက်မကစာများကူညီ၍ပြ ပေးလျက်ရှိသည်။ နီကာသည် ဆရာမတစ်ဦးထက်ပို၍တပည့်များ၏နှလုံးသားနုနု လေးများကိုဘုရားသခင်ထံရောက်ရှိရန် အားပေးလုပ်ဆောင်လျက်ရှိသည်။ တစ်နေ့ ၌သူမတပည့်တစ်ဦး၏မိခင်သည် မမျှော်လင့်သောဆေးကုသမှုပြုရန်ဆေးရုံတက်ရ သည်။ မိခင်အတွက်စိုးရိမ်လျက်ရှိသော တပည့်နှင့်အတူ “လူနာ မိခင်အတွက်ဆု တောင်းရအောင်” လို့ ပြောကာဆုတောင်းပေးကြသည်။ မကြာမီ ထိုမိခင်သည်ပြန်၍ ကျန်းမာလာခဲ့သည်။

ထိုနွေးထွေးသောနေရာလေး၌ကလေးတစ်ဦးသည် ပျော်ရွှင်လျက်ရှိသည်။ “ကြီးလာရင်ဒီနေရာမှာအလုပ်လုပ်ချင်ပါတယ်” ဟု ထိုကလေးပြောသောစကားကိုနီကာကြားသောအခါ “ရင်ထဲမှာဘုရားသခင်နှင့်နီး၍စိတ်နှလုံးအပြည့်ရွှင်လန်းလျက်ရှိသည်”။ဝိညာဉ်တော်ကျွန်မကိုဦးဆောင်နေကြောင်းသိသည်”ဟုနီကာပြောပြခဲ့သည်။

လွန်ခဲ့သောတစ်နှစ်က နီကာ၏ အသက်တာသည်ယခုနှင့်အလွန်ကွာခြားခဲ့သည်။ ခရိုအေးရှားနိုင်ငံသားများကဲ့သို့ပင်နီကာသည်လည်း မိရိုးဖလာထုံးတမ်းစဉ်လာဘာသာရေးနှင့်ကြီးပြင်းခဲ့ရသည်။ သက်လတ်ပိုင်းအရွယ်၌ ရွယ်တူများကဲ့သို့အပျော်ရှာခဲ့သည်။ သိလိုစိတ်ပြင်းပြမှုကခေတ်သစ်အရာများကို စူးစမ်းလိုစိတ်ဖြစ်ပေါ်စေခဲ့သည်။

အိန္ဒိယသို့ခရီးထွက်ခဲ့၍ ပြန်လည်ဝင်စားခြင်းနှင့်ရိုးရာကျင့်စဉ်များကိုဆည်းပူးလေ့လာခဲ့သည်။ “ဗလာနတ္တိ၊ ဘာမှမထူးဘူး၊ ကျွန်မဆုတောင်းပေမယ့် ဘာမှမပြောင်းလဲခဲ့ပါဘူး။” လို့နီကာပြောပြခဲ့သည်။”ကောင်းကျိုးတရားတွေဟောပြီးလိုက်နာအသက်ရှင်ခြင်းမရှိကြပါဘူး” လို့ ရှေ့နောက်ညီညွတ်ခြင်းမရှိမှုကသူမကို ဒုက္ခဖြစ်စေခဲ့သည်။

စိတ်ပျက်ခြင်းနှင့်ကျင့်စဉ်များကြောင့် အနားမရခြင်းများကြောင့် ခရိုအေးရှားကိုပြန်လာခဲ့သည်။အထီးကျန်ခြင်းရည်ရွယ်ချက်မဲ့နေသည်ဟုနီကာခံစားရသည်။ တစ်နေ့တွင် အမျိုးသမီးကြီးတစ်ဦးမှ သူမကို ဘုရားကျောင်းသို့ ဖိတ်ခေါ်ခဲ့သည်။ ကျမ်းစာအုပ်တစ်အုပ်လက်ဆောင်ရခဲ့ပါသည်။ နီကာ စ၍ဖတ်ရင်းအချို့အကြောင်းရာများကိုသူစိတ်ဝင်စားလာသည်။ ဥပုသ်နေ့အကြောင်းနှင့်ပတ်သက်၍ ကျမ်းစာမှရေးသားထားချက်မှာရှင်းလင်းလှပါသည်။

“စနေနေ့မှာဘာလို့ဘုရားကျောင်းမသွားရတာလဲ” လို့တရားဟောဆရာကိုနီကာမေးသောအခါ “အရေးမကြီးပါဘူး၊ ဒီနေ့တစ်ရက်ပါဘဲ” လို့ ပြန်ဖြေခဲ့သည်။

သို့သော် နီကာသည် ထိုအရာကိုလျစ်လျူမရှုနိုင်၍ "ကျွန်မကိုသမ္မာတရား၊ အမှန်တရားပြသပေးတော်မူပါ" ဟု ဘုရားသခင်ထံဆုတောင်းခဲ့သည်။

အွန်လိုင်းပေါ်တွင်လိုက်ရှာစဉ် ယူကျူ့ရုပ်သံလိုင်းတွင်နီကာသိလိုသောလူဝင်စားခြင်း၊ဖန်ဆင်းခြင်းနှင့် သမ္မာကျမ်းစာ၏ယုံကြည်စိတ်ချရမှုများကိုအသည်းအသန်ရှာနေမိပြန်ပါသည်။ တင်ပြချက်များသည်စိတ်ဝင်စားစရာကောင်း၍ သင်ပေးသူမှာသတ္တမနေ့အသင်းတော်မှဆရာတစ်ဦးဖြစ်ကာ အသင်းတော်၌လည်းသင်တန်းရှိမည်ဖြစ်ကြောင်းသိရသောအခါ နီကာ တက်ရန်ဆုံးဖြတ်လိုက်သည်။

အသံများဟိန်းထွက်သွားလောက်အောင် နီကာကို ကြိုဆိုသံများဆူညံသွားသည်။ လူတိုင်းနွေးထွေးစွာကြိုဆိုကြသူများအထဲတွင်မီလတ်တာဆိုသည့် အသင်းတော်စာကြည့်တိုက်မှူးကပို၍ ဝမ်းသာအားရ နီကာ့ ကိုကြိုဆိုခဲ့သည်။ ဆက်လက်၍ ဓမ္မစာပေးစာယူသင်တန်းအတွက်နာမည်စာရင်းသွင်းရန်တိုက်တွန်းပါသည်။ "ကျွန်မသင်ခန်းစာတွေကိုအိမ်ကပဲလုပ်မှာ" လို့နီကာ ပြောသောအခါ"တစ်ပါတ်တစ်ခါတော့လာပါ၊ ငါတို့စကားပြောရတာပေါ့" လို့ မီလတ်တာ မှပြန်ပြောခဲ့သည်။

တစ်ကြိမ်တွင်သုံးလေးနာရီခန့် အတူလေ့လာကြပါသည်။ မီလတ်တာသည် နီကာကိုအယ်လင်ဝိုက်၏စာပေများနှင့်မိတ်ဆက်ပေးကာ နီကာစိတ်ဝင်စားစွာဖတ်ရှုခဲ့ပါသည်။ အမှန်တရားကိုဖုံးကွယ်ထား၍မရပါ။ ရှင်းလင်း၍ကျမ်းစာနှင့်ကိုက်ညီမှုရှိပါသည်။ သတ္တမနေ့ ဥပုသ်စောင့်ခြင်းနှင့်ပတ်သက်၍ သက်ဝင်ယုံကြည်သူဖြစ်လာသောအခါ နီကာသည် ခက်ခဲသောဆုံးဖြတ်ချက်ကိုချခဲ့ရသည်။

သူမ၏အလုပ်မှထွက်၍ညစောင့်အလုပ်ကိုပြောင်း၍လုပ်ခဲ့ကာ ဥပုသ်နေ့ ၌နားခဲ့သည်။ နားနေစဉ်တွင်ကျမ်းစာဖတ်ကာပြန်လည်ဆင်ခြင်နိုင်သည်။ နောက်ဆုံးတွင်သူမရှာဖွေနေသောအရာကို တွေ့ခဲ့ရသည်။ ၂၀၂၃ ခုနှစ်ဒီဇင်ဘာလ ၁၆ ရက်တွင် နီကာ နှစ်ခြင်းခံခဲ့သည်။ သမိုင်းဝင် ဇာဂရက် ၁ အသင်းတော်အဆောက်အဦးက

၂၀၂၀တွင် မြေငလျင်ကြောင့် ပြိုကျသွားခဲ့ရသောကြောင့် အခြားသတ္တမနေ့ဘုရားကျောင်း၌ နီကာ နှစ်ခြင်းခံခဲ့ရသည်။

နီကာ၏မိသားစုများတက်ရောက်ခဲ့၍ပထွေးဖြစ်သူသည် ဘုရားမဲ့ဝါဒီဖြစ်သော်လည်း နီကာ့ကို “သမီးနေရာမှန်ရောက်ခဲ့ပြီ” ဟု ပြောခဲ့ပါသည်။ရက်သတ္တပတ်အနည်းငယ်အကြာ၌ နီကာ၏ပထွေးဆုံးပါးသွားခဲ့ပါသည်။ နီကာသည်ထိုစကားများကိုတန်ဖိုးထား၍မိခင်နှင့်မောင်အတွက်ဆက်၍ဆုတောင်းပေးခဲ့သည်။ နှစ်ခြင်းခံယူပြီးနောက် ၆လ တွင်မမျှော်လင့်သောအခွင့်အရေးတစ်ခုရောက်လာသည်။ အသင်းတော်၏ ပရိလာ့ဇ်ကျောင်းနှင့် စာကျက်ဝိုင်းတွင်ကူညီမည့်သူလိုကြောင်း ကြားသိရသည်။ ထိုကျောင်းသည်ကိုဗစ်-၁၉ အချိန်တွင်ပြင်ပသာသနာအဖြစ်စတင်ခဲ့ခြင်းဖြစ်သည်။ နီကာသည် ဝမ်းမြောက်စွာကူညီရန်အကြောင်းကြားလိုက်ပါသည်။

ဤအစီအစဉ်သည်ထရန်ယူရိုဒီဝီဇ်နှင့်ခရိုအေးရှားကွန်းဖရန့်မှထောက်ပံ့၍ လူမှုရေး၊ပညာရေး အကြပ်အတည်းများခံစားရသောမိသားစုများအတွက်ရည်ရွယ်၍ဖွင့်လှစ်သောကျောင်းဖြစ်သည်။ ယခုတွင် နီကာသည်ကလေးများနှင့်အတူအိမ်စာများကူလုပ်၍ ဖြည်းညှင်းစွာ သူမ၏ဘဝကိုပြောင်းလဲပေးခဲ့သော ဘုရားသခင်အကြောင်းမိတ်ဆက်ပေးလျက်ရှိသည်။

အငှားယာဉ်မောင်းအလုပ်ကိုအချိန်ပိုင်းလုပ်ဆောင်လျက်ရှိသည်။ သူမမော်တော်ယာဉ်ထဲတွင် သုခချမ်းသာလမ်းညွှန်၊ကျန်းမာခြင်းစာစောင်များထားရှိ၍အမှန်တရားရှာဖွေသူတစ်ဦး နေ့စဉ်စေလွှတ်ပေးရန် ဆုတောင်းလေ့ရှိသည်။ တစ်ကြိမ်အမှန်တရားကိုရှာဖွေရန် ဆုတောင်းခဲ့သောနီကာသည် ယခုတွင်တစ်ပါးသူများအမှန်တရားတွေ့နိုင်ရန်ကူညီသူဖြစ်လာသည်။

ယနေ့တွင် ဇာဂရက် ၁၏အသင်းသားများသည်အသင်းတော်အဆောက်အဦးပြန်လည်တည်ဆောက်နေစဉ်အခြားနေရာ၌ခေတ္တ ဝတ်ပြုခြင်းအစီအစဉ်များ၊အစည်းအဝေးပွဲများကိုကျင်းပကြသည်။ ၂၀၂၀ ခုနှစ်၌ မြေငလျင်ဒဏ်ကြောင့်ပျက်စီး

သွားသောအဆောက်အဦးနေရာ၌ အသစ်သော သာသနာအဆောက်အဦးအားဖြင့် သာသနာဆက်လက်၍ပြုလုပ်နိုင်မည့်အချိန်ကို စောင့်လျှက်ရှိကြသည်။ ပရီလာ့ဇ် ကျောင်းအားဖြင့်ပြင်ပသာသနာအစီအစဉ်များမှတဆင့် သာသနာရောက်ရှိစေကာအ သက်တာများပြောင်းလဲစေရန်ရည်ရွယ်ပါသည်။

သင်ထည့်ဝင်သောဥပတ်အလှူငွေသည်ဇာဂရက်မြို့ရှိသာသနာအဆောက် အဦးအသစ်ပြန်လည်တည်ဆောက်ရာတွင် ကူညီပေးသွားမည်ဖြစ်သည်။ ထိုအ ဆောက်အအုံတွင်ဝတ်ပြုကိုးကွယ်၊ကျမ်းစာလေ့လာရန်၊ကလေးသူငယ်များအတွက် အစီအစဉ်ပြုလုပ်ရန်၊ ပြင်ပသာသနာအတွက်လုပ်ဆောင်ခြင်းအစီအစဉ်များကိုတ ဖန် ရှင်သန်ကြီးထွားစေလိမ့်မည်။ အသင်းသားများအတွက်သာဝိညာဉ်ရေးနိုးကြား စေသောအဆောက်အဦးသာမက နီကာကဲ့သို့ "အမှန်တရားပြသပါ" လို့ တောင်း လျှောက်သူ၊ ရှာဖွေသူများအတွက်ပါ ဝိညာဉ်ရေးနိုးကြားစေသော အဆောက်အဦး ဖြစ်လာမည်ဖြစ်သည်။

-၀-

## "ပျောက်သောအပိုင်းအစကိုရှာဖွေခြင်း"

နိုဝင်ဘာလ ၇ ရက်၊ ရေးသားသူ-ဂိုရန်၊ခရိုအေးရှား။

ဘတ်စကက်ဘောကစားခြင်းသည် ဂိုရန်၏ဘ၀ဖြစ်သည်။ အသက်၁၂နှစ်မှ စ၍ထိုအကြောင်းကိုသာတွေးသည်။ စိတ်ကူးယဉ်သည်။ ဘတ်စကက်ဘောအားက စားသမားတစ်ဦးဖြစ်လာရန်သာစိတ်အားထက်သန်နေသည်။ ခရိုအေးရှား၌အထက် တန်းကျောင်းပြီးချိန်၌၊ သူ၏အိပ်မက်တစ်ကယ်ဖြစ်လာရန် နီးစပ်ခဲ့သည်။ အမေရိ ကန်နိုင်ငံ၊ဖော့ကန့်ရှိ မိန်းတက္ကသိုလ်မှဘတ်စကက်ဘောကစားသမားအတွက်ပညာ သင်ဆုကို ဂိုရန်ရရှိခဲ့သည်။

မိန်းပြည်နယ်၏မြောက်ပိုင်း၌ စီးပွားစီမံပညာသင်ကြား၍ တဖက်၌လည်း၊ ဘတ်စကက်ဘောအားကစားကိုကောင်းစွာသင်ယူလျက်ရှိသည်။ အတန်းကြီးလာ၍ ဘွဲ့ရချိန်တွင်လက်တွေ့ဘ၀ကိုရင်ဆိုင်ကာအားကစားသမားတစ်ဦး၏အိပ်မက်ကိုစွန့်လွှတ်ခဲ့ရသည်။

"တသက်လုံးဖြစ်ချင်ခဲ့တဲ့အားကစားသမားဘ၀ကို ကျွန်တော်စွန့်လွှတ်ခဲ့ရတယ်" "ဘာမှမရှိတော့သလိုဘဲ" လို့ဂိုရန်ပြောပြခဲ့သည်။ သိပ္ပံဘွဲ့နှင့်ခရိုအေးရှားသို့ပြန်လာကာ၊အကောက်အခွန်ဌာန၌ အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ဇာဂရက်မြို့၌ ထိုအလုပ်ကိုလုပ်ကိုင်စဉ် အပြင်ပန်း၌အဆင်ပြေသယောင်ရှိသော်လည်း စိတ်နှလုံးတွင်း၌ဟင်းလင်းပြင်ဖြစ်လျက်ရှိသည်။

"ကျွန်တော်၊ ညက ကလပ်ထဲရောက်နေခဲ့တယ်"၊ "ရုတ်တရက် ဒီမှာငါဘာလုပ်နေတာလဲ" လို့ပြန်မေးမိနေပါတယ်။ ဒီဘ၀သည်လည်းအဓိပ္ပါယ်မဲ့နေပါသည်။ ဂိုရန် သည်ကောင်းမွန်သောမိသားစုမှကြီးပြင်းခဲ့သူဖြစ်သည်။

ဘတ်စကက်ဘောအားကစားကို စွဲလန်းစဉ်အချိန်က၊ ဂိုရန်၏ မိခင်သည်သတ္တမနေ့အသင်းတော်၌ကျမ်းစာသင်၍နှစ်ခြင်းခံယူခဲ့ပါသည်။ အမေနှင့်အတူတစ်ခါတစ်ရံဘုရားကျောင်းသို့လိုက်သွားတတ်သည်။ ဂိုရန်အမေရိကသို့ကျောင်းတက်ရန်သွားသောအခါသူ၏အမေက ဂိုရန်ကို ကျမ်းစာအုပ်ပေးလိုက်ပါသည်။

တက္ကသိုလ်တက်စဉ် ကျမ်းစာကို တစ်ခါတလေဖတ်၍ ဗျာဒိတ်ကျမ်းကိုပိုဖတ်ဖြစ်ပါသည်။ အနည်းငယ်သာနားလည်ပါသည်။ နားလည်ရန်ခက်ခဲချိန်၌ ဂိုရန်ဆုတောင်းပါသည်။ သို့သော်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းမရှိခဲ့ပါ။ ယခု ခရိုအေးရှားသို့ပြန်ရောက်သော်ကျမ်းစာဖတ်ရန် တဖန်ကြိုးစားကြည့်မိသည်။

"အရာအားလုံး ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ ကျွန်တော် မကြိုးစားခဲ့တာတစ်ခုပဲရှိပါတယ်။ ကျမ်းစာဖတ်ပြီးဘုရားကိုရှာရန်ဖြစ်ပါတယ်" လို့မိမိကိုယ်ကိုပြန်ပြောနေမိပါသည်။ စိတ်နှိမ့်ချစွာနှင့်ကျမ်းစာဖတ်၍ဆုတောင်းခြင်းအမှုကိုစတင်ပြု

လုပ်ခဲ့ပါသည်။ သူ၏အမေကြောင့်မဟုတ်ပါ။ ကိုယ်တိုင်ဘုရားကိုရှာဖွေ၍သိချင်မိပါသည်။ တနင်္ဂနွေနေ့တွင်ဥပုသ်စောင့်သောဘုရားကျောင်းတွင် တက်ရောက်လျက်ရှိသော်လည်း ကိစ္စတစ်ခုကိုဘဝင်မကျဖြစ်မိသည်။

"ဥပုသ်နေ့သည်အထူးနေ့ဖြစ်ပါသည်" "ကျွန်တော်ကလေးဘဝကျမ်းစာသင်တန်းတွင်ထွတ်မြောက်ရာကျမ်း ၂၀ သို့ရောက်သော် စတုတ္ထပညတ်တော်ကို တိုတိုတုတ်တုတ်ရှင်းပြပြီး၊ အခုဥပုသ်နေ့ကတနင်္ဂနွေဖြစ်သွားပြီး" ဟု ဆိုကာဆက်လက်သင်ကြားခဲ့သည်။

ထိုသွန်သင်ချက်ကိုဂိုရန်လက်မခံပါ။ တစ်ညတွင်ဆုတောင်းစဉ်နှလုံးသားမှဆန္ဒဖြစ်ပေါ်လာခြင်းကြောင့် ဟေရှာယအနာဂတ္တိကျမ်း ၅၈ ကိုဖတ်၍ ဥပုသ်နေ့နှင့်ပတ်သက်ပြီး "ဝမ်းမြောက်ပျော်ရွှင်ရာနေ့" ဟုခေါ်ဆိုထားကြောင်း ဂိုရန် သိရသည်။ ရှင်းလင်းသောခံယူချက်ဖြစ်ပေါ်လာကာ ဇာဂရက် ၁ သတ္တမနေ့ အသင်းတော်သို့တက်ရောက်ရန် ဂိုရန် ဆုံးဖြတ်ခဲ့သည်။ အမေ့ကိုသူနှင့်အတူသွားရန်ဖိတ်ခေါ်လိုက်သည်။

"သိပ်မကြာလိုက်ပါဘူး။ ကျွန်တော့်မိသားစုလိုပဲစိတ်ထဲခံစားခဲ့ရပါသည်"ဟု ဂိုရန် ပြောပြခဲ့သည်။ သူနှစ်ခြင်းခံရန်အသင့်ရှိနေပြီဟုထင်မှတ်ချိန်၌ အင်လင်ဂျီဝိုက်နှင့်ပတ်သက်သောမေးခွန်းတစ်ခုကိုစိတ်ထဲမတင်မကျဖြစ်နေမိသည်။ ထိုအချိန်တွင်နောင်အခါ သူ၏ဇနီးဖြစ်လာမည့်သူ ဒံနရယ်လာနှင့်ဘုရားတွင်ဆုံတွေ့ခဲ့သည်။အယ်လင်ဝိုက်၏ပရောဖက်ပြုခြင်းဖြင့်သာသနာပြုခြင်းအကြောင်းအရာကို သူမနှင့်ဝေမျှဆွေးနွေးခဲ့သည်။

"ဟုတ်ပြီ" "နင့်ရဲ့ထင်မြင်ချက်ကို ခဏထားအုံး၊ဒီရုပ်သံရှင်းလင်းတင်ပြမှုကိုကြည့်ပါအုံး" လို့ ပြောပြီး၊ သမ္မာကျမ်းစာထဲမှပရောဖက်၏ထူးခြားသောလက္ခဏာများကို သေချာစွာရှင်းလင်းဖော်ပြချက်ကို ဂိုရန်ဂရုတစိုက်မှတ်သားကြည့်ရှုပြီးနောက်၊ သမ္မာကျမ်းစာကို ကိုယ်တိုင်သေချာစွာဖတ်ရှုခဲ့ပါသည်။

“သမ္မာကျမ်းစာနှင့်ဝိညာဉ်တော်စာစောင်များကိုပို၍ ဖတ်လေ၊လမ်းမှန်တွင်ရောက်နေသည်ဟုပို၍သေချာလေဖြစ်သည်” ဟု ဂိုရန် ပြောပြခဲ့ပြီးနောက် ၆လအကြာတွင်ဒံနရယ်လာနှင့်လက်ထပ်ခဲ့သော ဇာဂရက် ၁ ဘုရားကျောင်း၌ပင်သူနှစ်ခြင်းခံယူခဲ့ပါသည်။

“ပျောက်နေတဲ့အပိုင်းအစကိုနောက်ဆုံးမှာခရစ်တော်၌ရှာတွေ့ခဲ့ပါတယ်”။ သို့သော်ဇာတ်လမ်းကမဆုံးသေးပါဘူး။ ဂိုရန်နှင့်ဒံနရယ်လာတို့ ပျော်ရွှင်ဖွယ်ရာအကြောင်းအရာများကိုဝေမျှလိုပါတယ်။ သူတို့နှစ်ဦးသည် ဖေ့စ်ဘွတ်မှ အခမဲ့စာအုပ်ဝေခြင်းအစီအစဉ်တွင် အကောင်းအဆိုးတိုက်လှန်ပွဲစာအုပ်ကို မှာယူသူထံပို့ဆောင်ပေးလျက်ရှိပါသည်။

စာအုပ်ပေါင်း ၁၀၀၀၀ ကျော် အမှာစာရရှိ၍ ခရိုအေးရှားနိုင်ငံအနှံ့ဝေငှပို့ဆောင်ပေးခဲ့ရသည်။ အိမ်နီးချင်းနိုင်ငံများအထိဝေငှပို့ဆောင်နိုင်ရန် ထရန်ယူရိုပီးယန်းဒီဗီဇံမှ ထိုစီမံကိန်းအတွက် ထောက်ပံ့ကူညီပေးခဲ့သည်။

ဂိုရန်နှင့်လူငယ်တစ်စုမှကျမ်းစာသင်တန်းကို အွန်လိုင်းပေါ်မှ “သမ္မာကျမ်းစာအမှန်တရား” ခေါင်းစဉ်နှင့်သင်ယူရန်စာရင်းသွင်းနိုင်ကြောင်း ကြော်ငြာသောအခါလူပေါင်းထောင်ချီစာရင်းသွင်းကြသည်။တစ်ချိန်ကဝိညာဉ်ရေးခရီးအတွက်သမ္မာကျမ်းစာလေ့လာခဲ့သော ဂိုရန်သည် ယခုတွင်သတ္တမနေ့အသင်းတော်၏တရားဟောဆရာဖြစ်လာရန် သမ္မာကျမ်းစာလေ့လာလျက်ရှိသည်။

၂၀၂၀ တွင်ဇာဂရက်မြို့၌ လှုပ်ခတ်ခဲ့သောလျင်ကြောင့်ဘဝပေါင်းများစွာကိုအသက်တာပြောင်းလဲနိုင်ရန်ဆုံးဖြတ်ချက်ချနိုင်ဖို့ ကူညီပေးသောသမိုင်းဝင်ဇာဂရက် ၁ သာသနာ့အဆောက်အဦးသည် ပျက်စီးခဲ့ရသည်။

“ကျွန်တော်စိတ်ကြေကွဲခဲ့ရသည်” ‘၁၃ ပတ်အလှူငွေနှင့်ကူညီမည်ဟုကြားရသောအခါမျှော်လင့်ချက်ပြန်ရှိလာခဲ့ရသည်” ဟု ဂိုရန်မှပြောပြခဲ့သည်။အဆောက်အဦးမရှိတော့သော်လည်း သာသနာအမှုကရှိနေဆဲပါ။ ယုံကြည်သူတို့၏စိတ်ဆန္ဒများ

လည်းပြင်းထန်ဆဲပါ။ လူမှုကွန်ရက်မှတဆင့်၊ အွန်လိုင်းကျမ်းစာသင်တန်း၊ကိုယ်ပိုင်သက်သေခံခြင်းများ၊ထိုအရာများအားဖြင့် လူများထံသတင်းစကားရောက်စမြဲပါ။

ဇာဂရက် ၁ အဆောက်အဦးအသစ်ကိုမြို့၏ဗဟိုအချက်အချာ၌ပြန်ဆောက်ရန် ၁၃ ပတ်အလှူငွေအားဖြင့် ကူညီပေးမည်ဖြစ်သည်။ ထိုနေရာသည်ဂိုရန်လိုအပ်သောအပိုင်းအစကို ပြန်ရှာတွေ့ရန် ကူညီသောနေရာဖြစ်သည်။ ခရစ်တော်အားဖြင့်မိမိ၏မိသားစုကိုပြန်ရှာတွေ့နိုင်ရန်ကူညီပေးမှုအတွက် ကျေးဇူးတင်ပါသည်။

-o-

## "ကြီးပြင်းရန်နေရာ"

နိုဝင်ဘာလ ၁၄ ရက်၊ ရေးသားသူ-လီယွန်၊ခရိုအေးရှား

မာဂုတု ကျမ်းစာသင်တန်းသို့ပထမဆုံးသွားရောက်တက်ခဲ့စဉ်က လီယွန်သည် ၇နှစ် သာရှိသေးသည်။ နွေရာသီကျမ်းစာသင်တန်းသို့သူ၏မိဘများငယ်စဉ်ကပင်တက်ရောက်ခဲ့ကြသည်။ ၁၉၇၂ ခုနှစ်မှစတင်ကာ ခရိုအေးရှားနိုင်ငံတွင်သတ္တမနေ့အသင်းတော်မှမိသားစုများ၏အစဉ်အလာပင်ဖြစ်နေပါသည်။

လီယွန်အတွက်ပထမတစ်ပတ်မှာပင်အရာအားလုံးပြောင်းလဲသွားပါသည်။ "ကလေးအယောက် ၅၀ နှင့် ၁၀၀ ကြားရှိမယ်" "နေ့စဉ်ကျမ်းစာသင်တန်းရှိပြီး၊ ဘုရားသီချင်းဆို၊ဓါတ်ပုံရိုက်၊ အားကစားရှိပြီး ညနေစာစားပြီးချိန်နောက်တွင် ညဦးရန်ဝတ်ပြုကိုးကွယ်ခြင်းများရှိသည်" ဟု လီယွန် ပြန်ပြောပြပါသည်။

ဒီသင်တန်းချိန်မှလီယွန်စွဲမှတ်သောအရာကား ဘော့စ်ဘောကစားနည်းဖြစ်ပါသည်။ အမေရိကန်ပုံစံစစ်စစ်မဟုတ်ပါ။ မိမိတို့ ကြိုက်နှစ်သက်ရာပုံစံကစားခြင်းပင်ဖြစ်သည်။ တင်းနစ်ကစားနည်း၏ဘောလုံးကိုသုံး၍ အဆင်ပြေသလို ဆော့ခဲ့သောဘော့စ်ဘောကစားချိန်၌ ရယ်သံများနှင့်သာတကွင်းလုံးပြည့်လျှံနေခဲ့သောနှောင်းချိန်များကိုသတိရဆုံးဖြစ်သည်။

"ညပိုင်းကိုးနာရီမထိုးခင်အထိ ဆော့ကြပါတယ်" "အဲဒီအရာက နွေရာသီကျမ်းစာသင်တန်းရဲ့အကြီးကျယ်ဆုံးအချိန်ဖြစ်ခဲ့ပါတယ်" လို့ လီယွန်ပြန်ပြောပြခဲ့ပါသည်။ ဥပုသ်နေ့တိုင်းမှာကလေးများ၏တင်ဆက်သောအစီအစဉ်များရှိသည်။ဘုရားသီချင်းဆိုခြင်း၊ပြဇာတ်၊ သင်တန်း၌သင်ကြားခဲ့သောအရာများကိုလာရောက်သောမိဘများအားပြန်လည်တင်ပြခြင်းအစီအစဉ်များ ဖြစ်သည်။

နှစ်တိုင်းအစဉ်ကျင်းပသောထိုသင်တန်းသို့ မယုံကြည်သူသူငယ်ချင်းများကိုလည်းခေါ်လာကြသည်။ လွန်ခဲ့သောနှစ်က သုံးယောက်နှစ်ခြင်းခံယူခဲ့သည့်အနက် ၂ ဦးသည်ယုံကြည်သူဖြစ်၍တစ်ဦးမှာမယုံကြည်သူဖြစ်သည်။ နွေရာသီကျမ်းစာသင်တန်းကျောင်းသည်ကစားစရာနေရာသာမကယုံကြည်ခြင်းကိုလက်တွေ့အကောင်အထည်ဖော်ဆောင်သောနေရာဖြစ်သည်။ ထိုအတွေ့အကြုံသည် လီယွန်၏စိတ်ထဲ၌အမြစ်တွယ်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင်မာဂုတုရွာတွင်လီယွန်အထက်တန်းတက်ခဲ့စဉ်ကဖြစ်သည်။ လွန်ခဲ့သောအချိန်များက ၁၃ ပတ်အလှူငွေအားဖြင့်ဆောက်လုပ်ခဲ့သောအမျိုးသားဘော်ဒါဆောင်အသစ်ဖွင့်လှစ်ခြင်းနှင့် ဆုံခဲ့ရသည်။

"တကယ်အဆင့်မြင့်တာပဲ၊သော့တွေမလိုဘူး၊ကဒ်နဲ့ဖွင့်ရတာဟိုတယ်လိုဘဲ" လို့ လီယွန် ပြောပြခဲ့ပါသည်။ အဆောင်အဟောင်းတွင်တစ်ခန်းကို ၄ယောက်နေခဲ့ရသည်။ အဆောင်အသစ်တွင် ၂ယောက်တစ်ခန်းနေရ၍ လေအေးပေးစက်၊ ခေတ်မီအသုံးအဆောင်ပစ္စည်းများပါဝင်သည်။ ရေချိုးခန်းကို၂ယောက်မျှဝေသုံးစွဲခွင့်ရသည်။

"ခေတ်မှီတယ်၊ သန့်ရှင်းတယ်၊ သက်သောင့်သက်သာရှိပြီး အဆောင်ထဲမှာပင်ကျောင်းသားများအတွက်ခန်းမဆောင်များပင်တဆက်တည်းရှိပါတယ်"။ အနီးအနား၌ဘတ်စကက်ဘော၊ဘော်လီဘော ကစားကွင်းများရှိ၍ မိတ်ဖွဲ့ရန် နေရာများသဘာဝအတိုင်းရှိနေသည်။ လီယွန်၏မျိုးဆက်သစ်များအတွက် ထိုကျောင်းဆောင်သည်အဆောက်အုံထက်ပို၍အိမ်ကဲ့သို့ပင်ဖြစ်ပါသည်။

ကျောင်းသားဟောင်းများကအရင်အဆောင်ကိုလွမ်းနေပေမယ့်အဆောင်အသစ်နှင့်နေရသောကျောင်းသားသစ်များအတွက်ယခုအဆောင်သည်ဘဝအတွက်အရေးပါသောအဆောက်အအုံဖြစ်လာသည်။ သူငယ်ချင်းများနှင့်အတူစာသင်ကြားနိုင်သောရယ်မောနိုင်သော၊ ယုံကြည်ခြင်းအကြောင်း ဆွေးနွေးနိုင်သော နေရာဖြစ်သည်။

နွေရာသီကျမ်းစာသင်တန်းအတွက်လည်းအသုံးပြုနိုင်သည်။လီယွန်ကလေးဘဝ၌မူလတန်းကျောင်းအုပ်ကို "နေ့တိုင်း ကျွန်တော် အုတ်စီတဲ့သူဖြစ်ချင်ပေမယ့်ဥပုသ်နေ့ရောက်ရင်တရားဟောဆရာဖြစ်ချင်ပါတယ်" လို့ပြောခဲ့ဘူးသည်။

လီယွန်အထက်တန်းရောက်ခဲ့စဉ် အားကစား၊ခန္ဓာဗေဒနှင့်လူ့ခန္ဓာကိုယ်လေ့လာရာတွင်စိတ်ဝင်စားခဲ့သည်။ ကိုယ်ခန္ဓာအပြင်ပိုင်းကုသမှုကို အားသန်ကြောင်းလီယွန်မိမိကိုယ်ကို သေချာသိခဲ့သည်။ အထက်တန်းပြီးလျှင်ပညာဆက်လက်လေ့လာရန်ကောင်းစွာပြင်ဆင်ခဲ့သည်။

အထက်တန်းနောက်ဆုံး စာမေးပွဲဖြေဆိုစဉ် လီယွန်အတွေးတစ်ခုဝင်လာခဲ့သည်။"အချိန်အတိအကျမမှတ်မိပေမယ့်၊တရားဟောဆရာဖြစ်ချင်စိတ်ဝင်ခဲ့သည်"။ ထိုအတွေးသည်မပျောက်သွားဘဲပို၍ကြီးထွားလာသည်။

သူ့ဆရာ၊ချစ်သူကောင်မလေး၊မိဘအားလုံးနှင့်သူ့အတွေးကိုပြောပြခဲ့သည်။ လီယွန်ဆုတောင်းသည်။ စဉ်းစားသည်။ ခေါ်ခြင်းခံရသည်ဟုပို၍ထင်ရှားလာသည်။ မာဂုတုကောလိပ်၌ ဘာသာရေးကျောင်းသားဖြစ်ရန် စာရင်းသွင်း၍ဘွဲ့အဘွဲ့ရခဲ့ပါသည်။ ယနေ့ အသက်၂၄နှစ်၊အိမ်ထောင်ရှင်အသစ်စက်စက်လီယွန်သည်တရားဟောဆရာအဖြစ်အမှုတော်ထမ်းဆောင်နေပါသည်။

လီယွန်ငယ်စဉ်ကတက်ခဲ့သော ကျမ်းစာသင်တန်းကိုဘယ်သောအခါမှမမေ့ခဲ့ပါ။ အစပိုင်း၌ အကြံဉာဏ်ပေးသူ၊ ထိုနောက်ကျမ်းစာသင်ပေးသူ၊ ပြီးနောက်သင်တန်းပေးသူအနေနှင့်ထိုနေရာသို့သွားရောက်ခဲ့သည်။ ကလေးများအတွက်အစီအစဉ်

များရှိသော်လည်း လူငယ်ဆယ်ကျော်သက်များအတွက်မရှိသည်ကို လီယွန်သတိထားမိပြီးနောက် "လူငယ်ချိတ်ဆက်မှု" အစီအစဉ်ကိုစတင်ဆောင်ရွက်၍ဦးဆောင်ခြင်းဖြင့် ခရိုအေးရှားနှင့်စလိုဗေးနီးယားရှိလူငယ်များကို ဝိညာဉ်ရေးနှင့်စတင်မိတ်ဆက်ပေးလျက်ရှိသည်။ "အသင်းဝင်များ၏နေအိမ်သို့လည်ပတ်ခြင်း၊အသင်းတော်ခြံကိုသန့်ရှင်းရေးလုပ်ဆောင်ခြင်း၊ ဓမ္မစာပေဝေငှခြင်း" စသောသာသနာအမှု၌ "ကျွန်ုပ်တို့ပါဝင်လျက်ရှိသည်" ဟု လီယွန် ပြောပြခဲ့ပါသည်။

ကလေးဘဝတောစခန်း၌၊အဆောင်၌ဝတ်ပြုခြင်းနှင့်အသင်းတော်အစီအစဉ်များအားဖြင့်သူ၏ယုံကြည်ခြင်းကို ပုံသွင်းခံရကြောင်းထိုအရေးကြီးသောအရာတစ်ခုကိုလီယွန်သိမြင်လာသည်။ အဆောင်အသစ်၌ရှိသော ဘယ်ကျောင်းသားကိုဘယ်သူအဖြစ်နှင့်ဘုရားသခင်ခေါ်မည်ဟု ကြိုတင်မပြောနိုင်သော်လည်းထိုကျောင်းဆောင်တည်ရှိခြင်းအားဖြင့် ဝိညာဉ်ရေးကြီးထွားရန်နေရာ၊ကိုယ်တော်ရှင်ကိုရှာဖွေတွေ့ရှိရန်နေရာနှင့်ကိုယ်တော်၏ အသံတော်ကိုကြားနိုင်သောနေရာဖြစ်လာသည်။

ယနေ့တွင်လီယွန်သည်ဇာဂရက်၌ ကျမ်းစာသင်တန်းပေးခြင်းနှင့်လူငယ်အစီအစဉ်၌ သတ္တမနေ့အသင်းတော်၏ပညာရေးနှင့်ဘဝနေထိုင်မှုပုံစံရရှိရန် ခရိုအေးရှား၌ရှိသော လူငယ်မျိုးဆက်သစ်များကို လမ်းညွှန်ပေးလျက်ရှိခြင်းဖြင့် အမှုတော်တွင်ပါဝင်လျက်ရှိသည်။

၂၀၁၇ ခုနှစ်တွင်ရရှိသော၁၃ပတ်အလှူငွေအားဖြင့်မာဂုတုတွင်တည်ဆောက်ခဲ့သောအဆောင်အားဖြင့် လီယွန် ကဲ့သို့လူငယ်များအတွက်ဝိညာဉ်ရေးပုံသွင်းမှုရယူနိုင်ခဲ့သည်။ ယခုအလှူငွေအားဖြင့် မြေငလျင်ကြောင့်ပျက်စီးခဲ့သော ဇာဂရက်ရှိအသင်းတော်အဆောက်အအုံကို ပြန်လည်တည်ဆောက်၍ လူငယ်များ၊မိသားစုများနှင့်ဘုရားသခင်ကိုရှာသောသူများသည် စုရုံး၍ဝတ်ပြုကိုးကွယ်ခြင်းနှင့်အမှုတော်သာသနာကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သင်ထည့်ဝင်သော အလှူငွေအားဖြင့် ယုံကြည်ခြင်းကြီးထွားစေရန် နေရာတစ်ခုနှင့်မျိုးဆက်သစ်များအား ဘုရားသခင်၏ခေါ်တော်မူခြင်းအသံကို ကြားသိစေပါလိမ့်မည်။

-၀-

## "ကျောင်းသည်သာသနာကွင်းဖြစ်လာသောအခါ"

နိုဝင်ဘာလ ၂၁ ရက်၊ ရေးသားသူ-အဂ္ဂသာ၊ပိုလန်နိုင်ငံ၊

ဝါဆောမြို့နား၌ရှိသောအစိုးရကျောင်းတွင် အဂ္ဂသာပညာသင်စဉ်တွင်ပိုလန်စကားကို နှစ်ပေါင်း ၂၀ ခန့်ပြောဆိုခဲ့သည်။ စာသင်ကြားမှုကိုနှစ်သက်သော်လည်း တစ်ခုခုလိုနေသည်ဟုခံစားရသည်။ ကျောင်းသားများ၏သင်ခန်းစာများလျင်မြန်စွာသင်ကြားရသောကြောင့် မိတ်ဆွေဖွဲ့ချိန်မရှိပါ။ "ကျောင်းစာသင်ယူရင်း အချိန်ကုန်သွားတာထက်၊သူငယ်ချင်းထားပြီး သူတို့ရဲ့ဘဝအကြောင်းသိချင်မိခဲ့ပါတယ်"ဟုအဂ္ဂသာ ပြောပြခဲ့သည်။

၂၀၁၈ ခုနှစ်သို့ရောက်လျှင်ပြောင်းလဲချိန်တန်ကြောင်း သူမသိခဲ့သည်။ထိုနှစ်၌ပင်သတ္တမနေ့အသင်းတော်မှမိဘများသည်ဘုရားကျောင်းခြံဝင်းအတွင်းအင်္ဂလိပ်စာသင်ကြားနိုင်ရန် အလှူငွေစတင်ကောက်ခံခဲ့ကြသည်။ ယုံကြည်ခြင်း၊ မိတ်ဆွေဖွဲ့ခြင်းနှင့်ရည်ရွယ်ချက်ရှိသောသတ္တမနေ့အသင်းတော်ပုံရိပ်ကိုပတ်ဝန်းကျင်၌ ထင်ရှားစေလိုသောခံယူချက်ရှိခဲ့ကြသည်။

မိဘများသည်အဂ္ဂသာကိုကူညီပေးရန်တောင်းဆိုကြသည်။ အတန်းတတန်းသာရှိပြီး ရန်ပုံငွေမှာလည်း သုံးလစာသာရှိသောကြောင့် သူမ၏ပုံမှန်အလုပ်ကိုစွန့်လွှတ်၍ထိုသင်တန်း၌ဆရာမလုပ်ရမည်မှာ မဖြစ်နိုင်သောအခြေအနေဖြစ်သည်။ ခင်ပွန်းသည်တစ်ဦးတည်း၏ဝင်ငွေနှင့်မိသာစုအရေးမလည်ပတ်နိုင်သကဲ့သို့ အိမ်ကြွေးများလည်းမပေးချေနိုင်ပါ။

"ကျွန်မဘဝတွင်အခက်ခဲဆုံး ဆုံးဖြတ်ချက်ဖြစ်သောကြောင့် များစွာဆုတောင်းခဲ့ရသည်" ဟု အဂ္ဂသာပြောပြခဲ့သည်။ ခင်ပွန်းကိုအကြံဉာဏ်တောင်းသောအခါရိုးရှင်းစွာ "စမ်းကြည့်လေ" လို့ဖြေခဲ့ပါသည်။ ယုံကြည်ခြင်းနှင့်စတင်ခဲ့သည်။ သုံးလပြီးသွားလျှင်အလှူငွေထပ်ရောက်လာသည်။ "အလှူငွေပြတ်သွားတဲ့အခြေအနေမရှိခဲ့ပါ။" "အစပြုချိန်ကစလို့ ဘုရားရှင်ကောင်းကြီးပေးခဲ့ပါသည်။ အစသည် ခက်ခဲပါသည်" ဟု အဂ္ဂသာ ပြောပြခဲ့သည်။

ပိုလန်နိုင်ငံရှိသတ္တမနေ့အသင်းတော်၏မူကြိုနှင့်မူလတန်းကျောင်းကိုစတင်ဖွင့်လှစ်၍အခက်ခဲဆုံးအချိန်ကိုကျော်လွှန်ခဲ့ပြီးနောက်တွင်၊မူလတန်း၌ကလေးပေါင်း ၅၀ ယောက်နှင့်မူကြိုကလေး ၃၂ယောက်စာရင်းသွင်းထားပါသည်။ ဆရာမများကတော့ဘုရားရှင်ခေါ်သောအလုပ်ဟုခံယူ၍ဆက်ကပ်သောသူများနှင့်ဖွဲ့စည်းထားသူများဖြစ်ကြသည်။

ထိုအဖွဲ့ကိုအဂ္ဂသာချီးကျူးစကားဆိုရာတွင် "အလုပ်တစ်ခုဆိုတာထက်၊သာသနာလုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်" လို့အားပေးစကားပြောခဲ့သည်။ ထိုအဖွဲ့သည်နိုင်ငံခြားအဆင့်မှီ၍ဝိညာဉ်ရေး၌လည်းပုံသွင်းပေးသောကျောင်း၏ပုံရိပ်ကိုရိုးရာမပျက်ထိန်းသိမ်းထားသည်။

ကျောင်းဖွံ့ဖြိုးရေးအတွက်အတွေးအခေါ်ကောင်းရန်လိုအပ်မှုကိုကျမ်းစာဘာသာရပ်ထည့်သွင်းသင်ကြားရာ၌ ရိုးရှင်းစွာထည့်ပေါင်းခြင်းထက်ကလေးများ၏ပညာရေးအတွက်ကာယ၊ဉာဏ၊ဝိဉာဏနှင့်မိတ္တဗလလေးမျိုးစလုံးညီမျှရန်သင်ကြားပေးသည်။

ကလေးများ၏စိတ်ထဲတွင် စွဲကျန်စေရန် ကျောင်းခန်းပြင်ပသင်ကြားရေးသည်အဓိကကျသည်။ ကျမ်းစာကို စာသင်ခန်း၌အစပြု၍ သဘာဝတရားထဲ၌ ဆက်လက်ရှာဖွေကာပတ်ဝန်းကျင်၌မြင်တွေ့ရသောသစ်ပင်၊ တိမ်တိုက်၊ မြေကြီးနှင့်ကောင်းကင်များမှတဆင့်ဘုရားနှင့်ဆက်သွယ်ပေးရမည်ဖြစ်သည်။

“အပြင်သဘာဝထဲတွင်ကလေးများသည်ဘုရားသခင်၏ဖန်ဆင်းခြင်းအတွင်းတည်ရှိစေသည်” “လတ်ဆတ်သော လေကိုရှူရှိုက်ခြင်း၊ ဆော့ကစားခြင်းများသည်ကလေးများ၏စိတ်ကိုပိုမိုကောင်းစွာလုပ်ဆောင်နိုင်ရန်ကူညီသည်။ သဘာဝကိုဘုရားသခင်ဖန်ဆင်းကြောင်းနားလည်စေပါသည်” ဟု အဂ္ဂသာပြောပြခဲ့သည်။

ကလေးဗဟိုပြုသင်ကြားရေးသည် ကလေးက မည်သည့်အရာကိုအားသန်ကြောင်းသိရှိစေသည်။ ကလေးငယ်များသည် မိမိကြိုက်နှစ်သက်သော ကစားစရာများနှင့်ကစားပြီးဆရာမများက လမ်းညွှန်ရုံသာဖြစ်သည်။ ကွန်ပတ်စ်ကျောင်း၌ယုံကြည်ခြင်းလေ့ကျင့်ရေးများကိုပါ တိုးချဲ့သင်ကြားပေးသည်။ ကျောင်းသားလေးများသည်သူငယ်ချင်းကိုကိုယ်တိုင်ရွေးချယ်စေခြင်း၊အိမ်များသို့အလည်အပတ်ပြုခြင်း၊ ကိုယ်တိုင်လုပ်ကျမ်းချက်ရေးထားသောကဒ်များကိုဝေငှခြင်းနှင့်အထီးကျန်သူများထံသွား၍ သီချင်းဆိုပြခြင်းများဆောင်ရွက်ကြသည်။

သောကြာနေ့မှာတော့တခြားနေ့နှင့်မတူကွဲပြားသည်။ ကျောင်းဥယျာဉ်၌အစေ့လေးများကိုစိုက်ပျိုးခြင်း၊ကျောင်းဝန်းပတ်လည်၌တံမြက်စည်းလှဲခြင်း၊ဆေးသုတ်ခြင်း၊အမှိုက်များရှင်းလင်းခြင်း၊သစ်ကိုင်းများကောက်ယူစုသိမ်းခြင်းစသောကာယအလုပ်များကိုလုပ်ကိုင်၍ညဦးယံသို့ရောက်လျှင်မီးပုံပွဲကျင်းပ၍အတူတူကစား၊အတူတူစကားများဝိုင်းဖွဲ့၍ပြောခြင်းဖြင့်တစ်ပတ်တာကိုအဆုံးသတ်လိုက်ကြသည်။

အချိန်ကြာလာသော်ကလေးများ၏ပြောင်းလဲမှုကိုအဂ္ဂသာနှင့်ဆရာမများကသတိထားမိလာသည်။ “ဝိညာဉ်တော်အားဖြင့်ကလေးများ၏စိတ်နှလုံးပြောင်းလဲလာသည်” “အစပိုင်း၌ကလေးများသည်သူတစ်ပါးနာကျင်စေသောစကားများပြောတတ်သော်လည်းဥယျာဉ်စိုက်ပျိုးချိန်ပြီးနောက်တွင်သနားကြင်နာတတ်လာကြောင်းတွေ့ခဲ့ရသည်” ဟုအဂ္ဂသာပြောပြခဲ့သည်။

ကျောင်းခန်းပြင်ပသို့ထွက်လည်ရန်စီစဉ်ထားသောနေ့တစ်နေ့တွင်ရာသီဥတုပြောင်းလဲလာသောအခါအဂ္ဂသာသည်စိတ်ပူခဲ့သော်လည်း မိုးများရွာလာခဲ့သည်။ ၈ နှစ်အရွယ်သူမ၏သမီးနှင့်သူငယ်ချင်း၂ဦးတို့က "မပူပါနဲ့" "သမီးတို့ဆုတောင်းမှာပေါ့" ဟုဖြေရှင်းနည်းကိုအသုံးပြုသောအခါမိုးတိတ်သွားပါသည်။

"သူတို့လေးတွေအရင်ဆုံး လုပ်တာက ဆုတောင်းခြင်းပါ" "ဘုရားရှင်နားထောင်မယ်လို့ ယုံကြည်ချက်နဲ့လုပ်ဆောင်မှုကို ချက်ချင်းအကျိုးခံစားရတယ်" လို့ အဂ္ဂ သာပြောပြခဲ့ပါသည်။

ယနေ့တွင် အဂ္ဂသာသည်ကျောင်းအုပ်ဖြစ်၍ သူမတစ်ချိန်က ငြင်းဆိုခဲ့သောတာဝန်ဖြစ်သည်။ ကျောင်းသားလေးများနှင့်ပိုမိုနီးကပ်စွာနေထိုင်လိုသောကြောင့်ထိုကျောင်းအုပ်တာဝန်ကိုငြင်းခဲ့သော်လည်း ဘုရားသခင်၏ ခေါ်တော်မူခြင်းသည်ရှင်းလင်းပြတ်သားပါသည်။

"ကျောင်းထက်ပို၍ သာသနာနယ်တစ်ခုဖြစ်သည်" ကွန်ပတ်စ်ကျောင်းတွင်ကလေးများ၏အသက်တာကို ခရစ်တော်၏မေတ္တာကို ဗဟိုပြုသောပုံစံအတွင်းဝင်ရန်သင်ကြားပေးသည်။ "ဒီပညာရေးကထာဝရအသက်နှင့်ဆိုင်ပါတယ်" "ဒီကျောင်းကအစပြုပေမယ့် ကောင်းကင်ရောက်တဲ့အထိ ဆက်လက် သင်ယူနေရဦးမည်ဖြစ်သည်" ဟု အဂ္ဂသာပြောဆိုခဲ့သည်။

ယခုတွင်ကျောင်းကိုချဲ့ထွင်ရန်လိုအပ်လာပြီဖြစ်သည်။ကျောင်းသားများလာ၍ကျောင်းခန်းနည်းလျက်ရှိသည်။ ပိုများသောကလေးများသည် သခင်ခရစ်တော်၌ဗဟိုပြုသောကယ်တင်ခြင်းရရန် ပညာသင်ကြားပေးနိုင်ရန် စာသင်ခန်းများနှင့်သင်ထောက်ကူပစ္စည်းများပို၍လိုအပ်လျက်ရှိသည်။

သင်ထည့်ဝင်သော ၁၃ ပတ်အလှူငွေအားဖြင့်ကွန်ပတ်စ်သတ္တမနေ့အသင်းတော်ကျောင်း၏လိုအပ်ချက်များကိုကူညီသွားမည်ဖြစ်၍ အစပြုခဲ့သောအချိန်မှကူညီခဲ့သောဘုရားသခင်သည် ဆုတောင်းခြင်းအားဖြင့်ဆက်လက်၍ကူညီမည်ဟုအဂ္ဂ

သာစိတ်ချလျက်ရှိသည်။ ဆက်ကပ်ပါဝင်သောကမ္ဘာတစ်ဝှမ်းမှယုံကြည်သူများအား ဖြင့်လည်းကူညီမည်ဟု သူမယုံကြည်လျက်ရှိသည်။ သင်၏ကူညီခြင်းကို ကျေးဇူး တင်လျက်ရှိသည်။

-၀-

## “နှုတ်ကပတ်တော်ဖွင့်ခြင်း - နှလုံးသားဖွင့်ခြင်း”

နိုဝင်ဘာလ ၂၈ ရက်၊ ရေးသားသူ-မောနီကာ၊ပိုလန်နိုင်ငံ

သတ္တမနေ့အသင်းတော်ကျောင်း၌ ဆရာမလုပ်မည်ဟုမောနီကာ ဘယ်တုန်း ကမှအစီအစဉ်မရှိခဲ့ပါ။ ၂၀၂၂ ခုနှစ်၏ မင်္ဂလာဆောင်တစ်ခုတွင် စကားစမြည်ပြော ရင်း သူမ၏ဇာတ်လမ်း စတင်ခဲ့ခြင်းဖြစ်သည်။ ကွန်ပတ်စ်ကျောင်း၏ မူလတန်း၌သ မိုင်းဘာသာရပ်သင်ပေးနိုင်မလားဟုတစ်စုံတစ်ယောက်သည်သူမအားမေးလိုက် သော် သင်နိုင်မှုရှိ၊မရှိ၊မသေချာသော်လည်း သမိုင်းဘာသာရပ်ကိုသူမတကယ်ပင်နှစ် သက်၍သူမ၏ကလေးများကိုလည်း အိမ်၌စာသင်ပေးသော အတွေ့အကြုံနှင့်ပတ် ဝန်းကျင်၌ရှိသောအခြားအိမ်ထောင်များမှကလေးများကိုလည်း စာသင်ပေးခဲ့သည် မှာနှစ်အတန်ကြာခဲ့ပြီဖြစ်သည်။

“သင်ရိုးညွှန်းတမ်းကိုကျွန်မသိသလို” “ကလေးငယ်များဘယ်လိုသင်ယူသ လဲဆိုတာလည်းကျွန်မသိပါတယ်” လို့ မော်နီကာပြောပြပါသည်။ ကြိုးစားကြည့်မယ် လို့သဘောတူလိုက်ပါတည်။ ယနေ့တွင် မော်နီကာသည် ၄တန်းမှ၈တန်းအထိသမိုင်း ဘာသာကိုသင်ကြားပေးလျက်ရှိသည်။ ၅တန်းနှင့်၆တန်း၏ အတန်းပိုင်ဖြစ်၍ ထိုက လေးငယ်များနှင့်အတူတူအချိန်ကုန်လွန်ခဲ့သောကြောင့် ထိုကလေးငယ်များကိုမော်နီ ကာကောင်းစွာသိပါသည်။ ရုံဖန်ရုံခါပိုလန်စကားသင်ပေးပါသည်။

မော်နီကာ၏အတန်းသည် သာမန်ဖြစ်သော်လည်း အမျိုးစုံလင်သည်။ အ တန်းထဲမှကျောင်းသားများသည်အခြေအနေမျိုးစုံယုံကြည်ရာဘာသာတရားမျိုးစုံမှ

ဖြစ်သည်။ သတ္တမနေ့ယုံကြည်သူ၊ ဗရင်ဂျီအသင်းတော်၊ ကယ်ဗင်နောက်လိုက်များ၊ ဘုရားမဲ့ဝါဒီများ၊ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ယုံကြည်သူများအမျိုးစုံလှသည်။ အချို့မှာ လူပြန်ဝင်စားခြင်းကိုပွင့်လင်းစွာပြောဆိုကြသည်။ သီးခြားသင်ကြားမှုပြုရမည်၊ထို ဘာသာအယူများမှုကြောင့် ဆရာမများအကြားစိုးရိမ်မှုရှိသော်လည်း မော်နီကာတွင် စိုးရိမ်ခြင်းမရှိပါ။

"ပုံမှန်ဆက်သွားလို့ရပါတယ်" လို့မော်နီကာ ပြောပြခဲ့သည်။ အတန်းပိုင်တစ်ယောက်၏ရရှိသောစိန်ခေါ်မှုများမှာ ထိုကလေးများအတွက်ကျမ်းစာဘာသာရပ်သင်ချိန်သည် လေးနက်၍ကျမ်းစာကိုယုံကြည်စိတ်ချမှုရှိစေရန် ဖြစ်သည်။ သာမန်ပုံပြင်ပြောခြင်းနှင့်စသော်လည်းကျမ်းစာသင်ချိန်တွင်မေးခွန်းမေးခြင်းနှင့်စတင်သည်။

တစ်လလောက်ကြာချိန်တွင် ကျမ်းစာသည် အာဏာတော်နှင့် ကိုယ်တိုင်အလင်း၊ အမှန်တရားနှင့်အသက်ရှင်သော ဘုရားသခင်၏ စကားတော် ဖြစ်ကြောင်း ကျောင်းသားများတွေ့ရှိလာသည်။ နေ့စဉ်ကိုယ်ပိုင်ကျမ်းစာအုပ်ကိုဖွင့်၍ဖတ်ကြကာ မည်သို့ဆိုလိုသည်ကိုနှိုင်းယှဉ်ပြောကြသည်။

ကျမ်းစာမဖွင့်ဖတ်ဘဲ စာသင်သောနေ့မရှိစေခြင်းငှါ ကျွန်မကိုးစားပါသည်။ "ကျမ်းစာမှမည်သို့ပြောထားသည်ကို ရှင်းလင်းစွာသိရှိရန် အမြဲရှင်းပြပါသည်" ဟု မော်နီကာ ပြောပြသည်။

မော်နီကာ မမေ့မလျော့ကြိုးစားမှုသည်ရုပ်လုံးထွက်လာသည်။ ကျောင်းစတက်ရက်၌ ကျောင်းအချိန်ဇယားကိုပြောပြစဉ် ကျောင်းသားလေးတစ်ဦးကလက်ကိုမြှောက်၍ "ဘုရားကျောင်းအပြင်ဖက်မှာဘုရားကိုယုံကြည်နိုင်သလား" လို့မော်နီကာကိုမေးလိုက်ပါသည်။ ဒီမေးခွန်းကိုဖြေရန်မလွယ်ကူပါဘူး။ ဒီမေးခွန်းအကြောင်း သူမအိမ်မှာအချိန်ပေးပြီး စဉ်းစားလျက်ရှိသည်။

နောက်ဆုံး၌မည်သို့ဖြေရမည်ကိုသိရှိ၍ "ယုံကြည်နိုင်ကြောင်း" ဖြေလိုက်၍ "အရင်ကငါလည်းအဲလိုလူတစ်ယောက်ဖြစ်ခဲ့တယ်" လို့ပြောပြလိုက်သည်။ ထိုသို့ ဖြေလိုက်ခြင်းသည်ပို၍နက်ရှိုင်းရာသို့ရောက်ရန်လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်သည်။

သံသယရှိခြင်းကိုမော်နီကာနားလည်သည်။ ထိုသို့ သူမ အသက်ရှင်ခဲ့သောကြောင့်ဖြစ်သည်။ ဘုရားမဲ့ဝါဒသမားဖခင်နှင့် ကြီးပြင်းခဲ့ရသည်။ ဘာသာရေးကိုင်းရှိုင်းသူများကိုလှောင်ပြောင်သူဖြစ်သည်။ ဖခင်ကိုချစ်၍ ထိုသို့အတွေးအမြင်များကို နှစ်သက်ခဲ့သည်။ ဘုရားကိုယုံကြည်မှုဆိုတာ ထင်ယောင်ထင်မှားစိတ်၏လှည့်စားမှုလို့သာ သူမ၏ဘဝကိုပြောင်းလဲစေမည့်တိတ်ဆိတ်သောညနေ့အချိန်တစ်ခုမရောက်မီအထိ စိတ်ထဲ၌ ထင်မှတ်ခဲ့ဘူးသည်။

၁၆ နှစ်အရွယ်မော်နီကာသည်စာကြည့်စားပွဲ၌ထိုင်စဉ် ကမ္ဘာကြီးနှင့်သဘာဝတရားကြီး၏လည်ပတ်ပုံကိုစဉ်းစားနေမိသည်။"သူ့အလိုလိုဖြစ်ပျက်နေတာမဖြစ်နိုင်ဘူး" လို့ သတိထားမိသည်။ အမှောင်ထဲတွင်သူမ၏ပထမဆုံးဆုတောင်းချက်ကို တိုးတိုးလေးရေရွတ်မိသည်။ "အနန္တတန်ခိုးရှင်ရှိလျှင်ကိုယ်ကိုဖော်ပြပါ" ဟုမော်နီကာ ဆုတောင်းခဲ့သည်။

ထိုဆုတောင်းချက်သည် တံခါးများကိုဖွင့်လိုက်သကဲ့သို့ ဖြစ်သည်။ မမျှော်လင့်သောအဖြစ်အပျက်များ၊ သူငယ်ချင်းမိတ်ဆွေများ၊ စာအုပ်များမှတဆင့် ဘုရားသခင်ဖြည်းဖြည်းချင်း သူမကိုအဖြေပေးခဲ့သည်။ သူမ၏ပထမဆုံး ကျမ်းစာအုပ်ကို ဝယ်ထားသော်လည်း၊ စာအုပ်စင်၌သာတင်ထားမိသည်။

အချိန်ကာလကြာလာသောအခါပိုလန်နိုင်ငံသည် ကွန်မြူနစ်အုပ်ချုပ်စဉ်အတွင်းယုံကြည်ခြင်းကိုရှာဖွေခြင်းခေါင်းစဉ်နှင့် ဘာသာရေးဆွေးနွေးပွဲသို့စတင်တက်ရောက်ကာမေးခွန်းများမေးခြင်း၊ကျမ်းစာကိုကိုယ်တိုင်ဖွင့်ဖတ်ခြင်းများကိုမော်နီကာလုပ်ဆောင်ခဲ့သည်။ တချို့ကျမ်းပိုဒ်များတွင်သေဆုံးခြင်းသို့ညွှန်ပြသည်။ တချို့ကအမှားများနှင့်ရောထွေးသော သမ္မာတရားကိုဖော်ပြသည်။ သို့သော် ရှင်းလင်းသောအ

ချက်တစ်ချက်မှာ ကျမ်းစာသည်ယုံကြည်ထိုက်၍ သခင်ယေရှုသည်လည်း အစစ်အမှန်ဖြစ်သည်။

ဝါဆောတွင်ကျင်းပသောသတ္တမနေ့အသင်းတော်၏တရားပွဲများသို့မော်နီကာတက်ရောက်ခဲ့သည်။ သူမအထက်တန်းနောက်ဆုံးစာမေးပွဲဖြေဆိုပြီးသော ဇွန်လ၏တစ်ရက်၌ မော်နီကာ နှစ်ခြင်းခံခဲ့သည်။

သူမဘဝအသက်တာ၏ အတွေ့အကြုံများသည် သူမ၏ သင်ကြားမှု၌အထောက်အကူပေးခဲ့သည်။ "ကျောင်းသားတွေမေးခွန်းခက်ခက်မေးပေမယ့်၊ကျွန်မမကြောက်ပါဘူး။ဖြေပေးဖို့ရှိနေပါတယ်" လို့ မော်နီကာ ပြောပြခဲ့သည်။ယနေ့တွင်သတ္တမနေ့အသင်းတော်မှကလေးများ ကြားနာရသော ကျမ်းစာပုံပြင်များကို အခြားကလေးများကြားခွင့်မရခဲ့ကြပါ။ မော်နီကာသည် ထိုကလေးများကိုညင်သာစွာပြောပြ၍ရံဖန်ရံခါတွင် "ကျမ်းစာထဲမှသူငယ်ချင်းများ" စာအုပ်ကိုအသုံးပြု၍ကျမ်းစာနှင့်ဘုရားသခင်ကိုယုံကြည်ကိုးစားနိုင်ရန် အတွေးအမြင်များကိုတည်ဆောက်ပေးခဲ့သည်။ မော်နီကာ၏ကျောင်းခန်းထဲတွင် ယုံကြည်ခြင်းကိုဖိအားမပေးဘဲ၊မေတ္တာနှင့်တိကျစွာရှင်းရှင်းလင်းလင်းဖော်ပြပေးသည်။

သင်ထည့်ဝင်မည့် ၁၃ ပတ်အလှူငွေသည်ကွန်ပတ်စ်ကျောင်းအတွက်အကျိုးသက်ရောက်မှုများစွာရှိစေမည်ဖြစ်သည်။ လက်ရှိကျောင်းကိုထပ်၍ ၂၁၅၃ ပေချဲ့၍ တည်ဆောက်ရာ၌ အသုံးပြုမည်ဖြစ်သည်။ ကလေးများစွာကျမ်းစာထဲမှသခင်ယေရှုကိုသိရန်ထိုအဆောက်အဦး၊ အကျယ်အဝန်းသည်လိုအပ်ပါသည်။ သာသနာလုပ်ငန်းအတွက်ထောက်ပံ့ပေးမှုကို ကျေးဇူးတင်ပါသည်။

-o-

## "ခိုလှုံရာနေရာဖြစ်သွားသောကျောင်း"

ဒီဇင်ဘာလ ၅ရက်၊ ရေးသားသူ-နေ်န၊ ပိုလန်နိုင်ငံ

ယူကရိန်းကနေထွက်သွားရန်မောင်းထုတ်ခံရသောနေ့်နနှင့်ဗစ်တာသည်က လေးငယ်များကိုခေါ်၍ ယုံကြည်ခြင်းဖြင့်သာထွက်လာခဲ့သည်။ အခြားမိသားစုများနှင့်အတူဘယ်မှာအခြေချ၍ဤသို့ထွက်ခွာလာရခြင်းသည် မည်သည့်နေရာ၌ဆုံးမည်ကိုမသိပါ။

နေ့်နသည်သူမ၏ကလေးများကိုသတ္တမနေ့အသင်းတော်ပညာရေး၌ပင်ကြီးထွားစေချင်သည်။ ယူကရိန်း၌သတ္တမနေ့အသင်းတော်၏ကျောင်းများတည်ထောင်ထား၍ချုပ်ရွှန် မိသားစု၏မျိုးဆက်သုံးဦးသည် ထိုအသင်းတော်၏ ယုံကြည်ချက်၌တည်သောပညာများကို ဆည်းပူးသူများဖြစ်သည်။ စစ်မီးတောက်ကြီးလာသော်လည်း ကျောင်းပိတ်ဖို့ရန်စိတ်ကူးမရှိကြပါ။စစ်ရှောင်အနေနှင့်ရှင်သန်ရချိန်၌ကလေးများ၏ အနာဂတ်မှာမသေချာတော့ပါ။ ရွေးချယ်ရခက်လာသည်။

သူတို့မိသားစု ပိုလန်သို့ရောက်သောအခါခဏခိုလှုံရမည့်အသင်းတော်ဝန်းထဲ၌ သတ္တမနေ့အသင်းတော်ကျောင်း ကွန်ပတ်စ် ရှိနေခဲ့သည်။ နေ့်နဆုတောင်းမှုကိုဘုရားရှင်အဖြေပေးသကဲ့သို့ ဖြစ်နေပါသည်။

အခြားစစ်ရှောင်လာသော မိသားစုများကဲ့သို့ပင် သူတို့ ၌ငွေကြေးလိုအပ်လျက်ရှိသည်။ ပုဂ္ဂလိကကျောင်း၏ကျောင်းစရိတ်သည်သူမတတ်နိုင်မှုထက်ပို၍များနေသည်။ နေ့်နဆုတောင်းခြင်းသာတတ်နိုင်သည်။ သူမ၏ကလေးတစ်ဦးမျှလောက်ကျောင်းတက်စေလိုသည်။

အငယ်ဆုံးကလေးသည်မူကြို၌ လျှော့စျေးနှင့်ကျောင်းအပ်ခွင့်ရရှိသည့်အတွက်သူမဝမ်းသာခဲ့ရသော်လည်း ကျန်ကလေးများအတွက် ကျောင်းတက်ခွင့်နှင့်ပတ်သက်၍ သူမပူပန်လျက်နေရသည်။ နေ့်နနှင့်ခင်ပွန်းဖြစ်သူဗစ်တာသည်ငွေကြေးရရှိရန်ရရာအလုပ်ကို စတင်လုပ်ကိုင်ကြသည်။ ခြံဝန်းသန့်ရှင်းရေး၊ အဆောက်အဦးထဲ၌သန့်ရှင်းရေးများကို နေ့်နလုပ်ဆောင်၍ ခင်ပွန်းသည်မှခြံဝန်းအတွင်းပြုပြင်ထိန်း

သိမ်းမှုနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် သစ္စာရှိစွာ၊ တိတ်ဆိတ်စွာ၊ ပျော်ရွှင်စွာဆောင်ရွက်ကြသည်။ မှန်ကန်စွာဆောင်ရွက်ကြသည်။

သို့သော်နေ်နဆက်၍ဆုတောင်းလျက်ရှိသည်။ သမီးဆိုဖီယာ သတ္တမနေ့ အသင်းတော်ကျောင်း၌တက်ရောက်နိုင်ရန်သူမကြီးစွာမျှော်လင့်လျက်ရှိသည်။ကျောင်းမှတာဝန်ရှိသူများသည် သူမတို့၏မိသားစုအခက်အခဲကိုသိ၍ ဖြေရှင်းနိုင်ရန်နည်းလမ်းရှာပေးကြသည်။ သတ္တမနေ့အသင်းတော်၏သာမန်အသင်းသားအဖွဲ့အစည်းသို့ အကူအညီတောင်းကြည့်သည်။ စစ်ရှောင်မိသားစု၏ကလေးများ သတ္တမနေ့အသင်းတော်ကျောင်း၌ပညာသင်ကြားနိုင်ရန်ဖြစ်ကြောင်းတင်ပြသော်လည်းငွေကြေးထောက်ပံ့ပေးရန် အတင်းအကြပ်တောင်းဆိုခြင်းမပြုပါ။

အကြောင်းပြန်မှုသည်မယုံနိုင်လောက်အောင်ဖြစ်ရသည်။ဆိုဖီယာတစ်နှစ်စာကျောင်းစရိတ် လုံလောက်စွာကူညီမှုရရှိခဲ့သည်။ အခြားကူညီမှုအဖြစ်ကျောင်းစရိတ်လျှော့ပေးပြီးတခြားနေ်န၏ ကလေးများကိုလည်းဤကျောင်း၌ထားနိုင်ရန်ဖြစ်သည်။ ဤအရာသည်နေ်နတောင့်တခဲ့ရသောအရာဖြစ်သည်။

ဆိုဖီယာ၊ ကျောင်းတက်၍ကောင်းစွာကြီးထွားလာခဲ့သည်။နှစ်နှစ်၊သုံးနှစ်အကြာတွင်ထိုရံပုံငွေနှင့်ပင် မိသားစု၏အကြီးဆုံးသားသည် ကျောင်းဝင်ခွင့်ရခဲ့သည်။ ချူပရွှန်မျိုးဆက်၏ သားသမီးသုံးယောက်စလုံးသည်ယုံကြည်ခြင်း၊ ကြင်နာခြင်းနှင့်ရည်ရွယ်ချက်ကောင်းမွန်သောပတ်ဝန်းကျင်ရှိရာ၌ ပညာသင်ကြားခွင့်ရခဲ့သည်။

ဆိုဖီယာအတွက်ကျောင်းသည်စာသင်ရာ၊အိမ်စာပေးသောနေရာထက်ပို၍ကျောင်း၌ပျော်သောကျောင်းသူတစ်ဦးဖြစ်လာခဲ့သည်။ ကျောင်းနှစ်တစ်နှစ်တက်ပြီးသောကျောင်းသားများသည် ရေကူးသင်တန်း တက်ရောက်ခွင့်ရသည်။ သို့သော် သင်တန်းကြေးထပ်၍ပေးရမည်ဖြစ်သည်။

ဆိုဖီယာသည်ရေကူးသင်တန်းတက်လိုသော်လည်း မိသားစုမှအကုန်အကျမခံနိုင်ပါ။ ဆရာမတစ်ဦးကထိုအခြေအနေကိုရိပ်မိသောအခါ၊ တိတ်တဆိတ်ရှုံးခန်း

ထဲသို့သွား၍ ဆိုဖီယာအတွက်ရေကူးသင်တန်းကြေးကိုတစ်နှစ်စာပေးသွင်းခဲ့သည်။ သူများသိရန်ကြေငြာခြင်းမရှိ၊ အသိအမှတ်ပြုခံလိုစိတ်မရှိ၊ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးခြင်းဖြစ်၍ထိုကျောင်း၏ဝိညာဉ်ရေး ပြဋ္ဌာန်းချက်ထဲမှတစ်ခုသာဖြစ်သည်။

ချူပရွှန်မိသားစုကဲ့သို့အခြားမိသားစုများအတွက်သည်လည်း သတ္တမနေ့ပညာရေးသည်သက်သောင့်သက်သာဆည်းပူးနိုင်မည့်အရာမဟုတ်ပါ။အခက်အခဲများကြားမှတည်ငြိမ်စွာ ဆည်းပူးရမည့်အရာဖြစ်သည်။ ဖြစ်နိုင်ခြေမရှိသောအခြေအနေ၌ဝိညာဉ်ရေးကြီးထွားရန်ဖြစ်သည်။ ဘာမှမရှိသောနေရာ၌ပင်အမှတ်ရစရာကောင်းသောအရာဖြစ်သည်။

ချူပရွှန်မျိုးဆက်ကလေးသုံးဦးဖြစ်သော နာဟုံ၊ဆိုဖီယာနှင့်နာသန်တို့သည် ကြီးထွားလာကြ၍ ပိုလန်နိုင်ငံ၌ ပညာသင်ကြားကာအလုပ်များလုပ်ကိုင်လျက်ရှိကြသည်။ သူတို့သည်ကျမ်းစာလေ့လာသင်ကြား၍ ပတ်ဝန်းကျင်၌လည်း ယုံကြည်မှုတည်ဆောက်ရန်သာ ပညာဆည်းပူးခြင်းမဟုတ် ယုံကြည်သောအသက်တာနှင့် နေထိုင်ကြသည်။

နေ့်န၏ဆုတောင်းခြင်းသည်တစ်ကြိမ်တည်းစုပေါင်း၍အဖြေကိုရရှိခြင်းမဟုတ်ပါ။ တစ်လှမ်းခြင်းကျောင်း၌၊ ပတ်ဝန်းကျင်၌၊နှလုံးသားထဲ၌ နေရာချပေးကာဘုရားသခင်ဆုတောင်းသံကိုနားညောင်းကြောင်းသိစေခဲ့သည်။

နေ့်န၏သားသမီးသုံးဦးသည် ဝိညာဉ်ရေးပုံသွင်းပေးနိုင်သော ကွန်ပတ်စ်ကျောင်းတွင်ကောင်းမွန်စွာကြီးပြင်းခဲ့ရသည်။ ဘုရားသခင်ရှေ့၊ လူရှေ့၌ကောင်းစွာကြီးထွားနိုင်ရန်ထောက်ပံ့နိုင်မှုပေးနိုင်သောနေရာအဖြစ်ကျောင်းသားများ၏နှလုံးသားထဲတွင်ခံစားရစေသည်။ ၁၃ ပတ်အလှူငွေအားဖြင့် ရက်ရောစွာပေးလှူသောကြောင့်ကျေးဇူးတင်ပါသည်။

-ဝ-

**“ဂီတနှင့်တံခါးများကိုဖွင့်ခြင်း”**

ဒီဇင်ဘာလ ၁၂ ရက်၊ ရေးသားသူ- ဖီအိုနာ၊ ဖြိုတိန်နိုင်ငံ၊

၂၀၁၄ ခုနှစ်၊ လန်ဒန်အရှေ့ပိုင်း၌လူထုထဲတွင် ဂီတပွဲတစ်ခုကျင်းပရာတွင် ဖီအိုနာကိုဦးဆောင်ရန်တောင်းဆိုချိန်၌ သူမတုံ့ဆိုင်းနေသည်။ထိုအကြံဉာဏ်သည် လန်ဒန်အရှေ့ပိုင်းရှိသတ္တမနေ့အသင်းတော်၏လူထုကြား၌မည်သို့အာရုံဖမ်းစားနိုင်ရန်ဆောင်ရွက်ရမည်ကိုဆွေးနွေးကြရင်းထွက်ပေါ်လာသော အစီအစဉ်ဖြစ်သည်။

ကျန်းမာရေးနှင့်ပညာရေးကိုဖော်ပြပြီးဖြစ်သည်။ ဂီတကိုဖော်ပြရန်အကြံပြုသောအခါ တရားဟောဆရာဒေးဗစ်ဘားနတ်က ၂၅ နှစ်ပြည့်အထိမ်းအမှတ်ဂီတပွဲတစ်ခု၌ဖီအိုနာသည် သံစုံတေးဂီတအဖွဲ့ကိုဦးဆောင်ခဲ့ကြောင်းသိ၍သူမ၏နာမည်ကိုတင်သွင်းခဲ့ခြင်းဖြစ်သည်။

ပထမ၌သူမလက်ခံရန်မသေချာပါ။ "ကျွန်မ လန်ဒန်မြောက်ပိုင်းမှာအလုပ်စလုပ်ဖို့ရှိပါတယ်။ ဒါပေမယ့်မဖြစ်လာပါဘူး။" သူမလန်ဒန်အရှေ့ပိုင်း၌ဆက်လက်နေထိုင်၍ဆုတောင်းကာ ထိုကမ်းလှမ်းချက်ကိုလက်ခံခဲ့သည်။

၂၀၁၅ ခုနှစ်ဧပြီ ၅ ရက်နေ့တွင်ဟက်နေလန်ဒန်ကိုရောက်ရှိပြီးကလက်တန်သတ္တမနေ့အသင်းတော်ဘုရားကျောင်း၌လန်ဒန်အရှေ့ပိုင်းဂန္ဓဝင်ဂီတကျောင်းကိုဖွင့်လှစ်ခဲ့သည်။ ဂီတဆရာလေးယောက်နှင့် သင်တန်းသားဆယ်ယောက်နှင့် စတင်ခဲ့ပါသည်။

သင်တန်းသားအသစ်လက်ခံကြောင်းဘုရားကျောင်းသော်လည်းကောင်း၊ လူအချင်းချင်းအားဖြင့်ပြောဆို၍သော်လည်းကောင်းကြော်ငြာလိုက်ပါသည်။အစပထမပိုင်း၌ရယ်ရွယ်ချက်နှစ်ချက်ရှိသည်။ အသင်းသားများကိုဂီတနှင့်ဝိညာဉ်ခွန်အားပေးရန်နှင့်ပတ်ဝန်းကျင်တွင်ဂီတအားဖြင့်သတင်းကောင်းပျံ့နှံ့ရန်ဖြစ်ပါသည်။

အစ၌ဘေးပတ်ဝန်းကျင်မှသင်တန်းသားများလာရောက်သင်တန်းတက်ကြသော်လည်း၊ ၂၀၁၆ခုနှစ်တွင်ရိုးရိုးကြော်ငြာကိုသာ အင်တာနက်ပေါ်တင်၍ စတင်

ကြော်ငြာခဲ့ချိန်မှစ၍သတ္တမနေ့အသင်းသားမဟုတ်သောသူများစာရင်းမသွင်းကြ တော့ပေ။ ကပ်ရောဂါဖြစ်ခြင်းသည်အရာရာကိုပြောင်းလဲခဲ့သည်။

အခြားအစီအစဉ်များရပ်ဆိုင်းသွားသော်လည်းလန်ဒန်အရှေ့ပိုင်းဂန္ဓဝင်ဂီတ ကျောင်းမှာဆက်၍ဖွင့်လှစ်လျက်ရှိသည်။သတင်းပြန်ကြားရေးအတတ်ပညာရှင်မိ ဘများသည် အွန်လိုင်းပေါ်မှသင်တန်းတက်နိုင်ရန်ကူညီပေး၍ဂီတသင်ရိုးညွှန်းတမ်း များကိုအွန်လိုင်းမှတဆင့်သင်ယူ၍အိမ်စာလုပ်နိုင်ရန် စီစဉ်ပေးခဲ့သည်။

သင်တန်းသားတဝက်လောက်သည် အွန်လိုင်းအတန်းများကိုဆက်၍ တက် ကြသည်။"ဒီကပ်ဘေးအတွင်းကလေးများစိတ်လေနေမှာမဖြစ်စေချင်လို့ပါ။""သူတို့ ကိုဂီတလမ်းညွှန်မှုတွေ၊ မျှော်လင့်ချက်တွေပေးစွမ်းပါတယ်" လို့ ဖီအိုနာ ပြောပြခဲ့ သည်။

ထိုကပ်ဘေးအချိန်အတွင်း၌အသင်းတော်၏လူသားချင်းစာနာထောက်ထား မှုအကူအညီပေးခြင်းကို အဲဒ်ရာ - ဘဏ်လုပ်ငန်းစု၏ထောက်ပံ့ပေးမှုနှင့်မိသားစု ၃၀၀ ကိုစားစရာ၊ အဝတ်အစားနှင့်အခြေခံအသုံးအဆောင်ပစ္စည်းများ လှူဒါန်းမှုကို ဘုရား ကျောင်းအတွင်း၌ပင် ဆောင်ရွက်ခဲ့သည်။ အလှူပစ္စည်းများကိုလာယူသော သူများ သည်ဂန္ဓဝင်ဂီတအစမ်းလေ့ကျင့်သံများကို လမ်းတလျှောက်ကြားနေရသည်။

"ဂန္ဓဝင်ဂီတမှာကုသနိုင်တဲ့အစွမ်းရှိပါတယ်""မိဘများသည်ကြားရသော တေးသံအကြောင်း မေးကြသည်" ဖီအိုနာ ပြောပြပါသည်။ပရဟိတလုပ်ငန်းများ၊စိတ် ကျန်းမာရေးအတွက်ကုသပေးသောကိုယ်စာလှယ်လုပ်ငန်းများနှင့်မိသားစုအချင်း ချင်းကူညီရာ၌ ထိုတေးသံကုထုံးကိုအသုံးပြုရန်စတင်ပြောင်းလဲမှု လုပ်လာသည်။ ဖီအိုနာသည်ဘဏ်လုပ်ငန်းဘက်မှပြောင်းပေးသောကလေးများကို ဂီတသင်ပေးရန် လက်ခံခဲ့သည်။ ထိုကလေးအများစုသည် စစ်ရှောင်နှင့်ချို့တဲ့သူများဖြစ်ကြသည်။

၂၀၂၁ ခုနှစ်ရောက်လာသော် လန်ဒန်အရှေ့ပိုင်းဂန္ဓဝင်ဂီတကျောင်းသည်လူ သားအကျိုးပြုသင်တန်းကျောင်းအဖြစ် စာရင်းသွင်းခဲ့သည်။ ငွေကြေးချို့တဲ့သောမိ

သားစုများအတွက် ဂန္ဓဝင်ဂီတကိုသင်ယူနိုင်၍ ဇဝ်ဂေလိသတင်းစကား သူတို့ထံ ရောက်ရှိရန်ရည်ရွယ်ထားခဲ့သည်။

အင်္ဂလန်တောင်ပိုင်းအသင်းတော်နှင့်ဗြိတိန်ယူနီယံကွန်းဖရင့်မှလိုသောငွေ ကြေးထောက်ပံ့၍ လိုသောသင်ခန်းစာစာအုပ်များကို အခြားထောက်ပံ့သူများထံမှရ ရှိသည်။

သင်တန်းသားဆယ်ရောက်နှင့်စတင်ခဲ့သောထိုဂန္ဓဝင်ဂီတသင်တန်းကျောင်း သည်သင်တန်းသား ၁၅၀ ဦးရှိလာပြီဖြစ်သည်။ ဆရာ ၁၂ ယောက်ပါဝင်ဆက်ကပ် လျက်ရှိသည်။ အချို့မှာကိုယ်တိုင်သင်ကြားပေး၍အချို့မှာအွန်လိုင်းမှသင်ကြားပေး သည်။ လန်ဒန်ကသာ လာတက်ရောက်ကြသည်မဟုတ်၊စကော့တလန်၊ဝေးလ်နှင့်အ ခြားမှလည်းပါဝင်သင်ကြားကြသည်။

၂၀၂၄ ခုနှစ်တွင်ကျောင်း၏အကြီးမားဆုံးအောင်မြင်မှုတစ်ခုရရှိခဲ့သည်။ ၁၇ ပတ်ဂီတသံစုံတီးဝိုင်းနှင့်ဂီတပွဲတော်တွင်ပါဝင်တီးခတ်ခြင်းမှအနုပညာကောင်စီ၏ ချီးမြှင့်သော ဆုငွေပေါင်းတစ်သောင်းရရှိခဲ့သည်။ ထိုတီးဝိုင်းတွင် အသက်ဂနှစ်မှ ၁၉ နှစ်အရွယ်ကလေး ၅၃ ယောက်ပါဝင်တီးခတ်ကြသည်။

တင်ဆက်မှု၂ခုပြုလုပ်ခဲ့သည်။ တစ်ခုမှာ ကလစ်တန်သတ္တမနေ့အသင်းတော် ၏တင်ဆက်မှုနှင့် နောက်တစ်ခုမှာတော်ဝင်ကောလိပ်ဂီတ တင်ဆက်မှုဖြစ်သည်။ ၂၀၂၆ ဧပြီလ၌လန်ဒန်အရှေ့ပိုင်း ဂန္ဓဝင်ဂီတကျောင်း၏ ဆယ်နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားကိုအထူးအစီအစဉ်များနှင့်တစ်ပတ်ကျင်းပခဲ့သည်။

စိတ်ဝင်စားစရာအချိန်ကတော့တော်ဝင်မိသားစုဖြစ်သော ဂလူဆက်စတာ မြို့စားနှင့်မိသားစုသည်ကလစ်တန်ဘုရားကျောင်းသို့လာ၍ဂီတတင်ဆက်မှုကိုတက် ရောက်ချီးမြှင့်၍တစ်နာရီကြာတင်ဆက်မှုတွင်ပါဝင်သောကျောင်းသားများနှင့်တွေ့ ဆုံခဲ့သည်။

ထို့နောက် ရင်းနှီးမှုမှာပို၍ခိုင်မြဲလာသည်။ "နယူကလီယို" အဖွဲ့အစည်းနှင့် ဆက်သွယ်မှုရ၍ဂီတတူရိယာအခု ၃၀ ကျော်ရရှိခဲ့သည်။တယောၤသစ်သားလေမှုတ်တူရိယာ၊ ကြေးလေမှုတ်တူရိယာ၊ ကီးဘုတ်နှင့်အနိမ့်သံ တယောအကြီးများရရှိခဲ့သည်။

ဖီအိုနာ၏တဝမ်းကွဲသည် တိမ်ပနီဒရမ်ကို အချိန်ကြာရှည်ငှားရမ်းထားမှုကြောင့်ကောင်းစွာထိန်းသိမ်းထားပေးသလို၊ဂီတတင်ဆက်မှုတိုင်းတွင်လည်းအကုန်အကျသက်သာစေရန်စီမံဆောင်ရွက်ပေးပါသည်။"ငါ့ညီ့ခန်းကတော့ဂီတအိမ်ကြီးလိုဖြစ်နေတာပဲ" လို့ ဖီအိုနာ ပြောရင်းရယ်မောနေခဲ့ပါသည်။

ကျောင်းခန်းအတွက်စိတ်ပူရပြန်သည်။လက်ရှိကျောင်းခန်းသည်ကျောင်းသားများအတွက်အခန်းလုံလောက်မှုမရှိတော့၍တနင်္ဂနွေနေ့များတွင်ဂီတသင်တန်းများအတွက်နေရာရရန်တန်းစီစာရင်း၌စောင့်နေရသည်။ဖီအိုနာနှင့်သူမအဖွဲ့သားများသည်ပို၍ကျယ်သောနေရာကိုရှာနေရသည်။

ကျွန်မတို့ရဲ့ပန်းတိုင်ကတော့လူထုထံဝေဝေလိသတင်းစကားပိုမိုရောက်ရန်ဂီတသည်ကြားခံအဖြစ်အသုံးပြု၍ထိုဂန္ဓဝင်ဂီတအားဖြင့်ကျွန်မတို့ရဲ့ယုံကြည်မှုကိုမသိသေးသူများသိလာစေရန်ဖြစ်သည်" ဟု ဖီအိုနာကပြန်ပြောပြခဲ့ပါသည်။

သင်တန်းသားများသည်အသက်၅နှစ်မှ၈၅နှစ် အသက်အရွယ်အလိုက်ကွာခြားကြသည်။ အချို့သည်တယောကိုပထမဆုံးကိုင်၍ဂီတအစပျိုးသောသူများဖြစ်ကြသည်။ အချို့သည်ပင်စင်စားများဖြစ်ပြီး ဂီတကိုအဆင့်မြင့်သီအိုရီပိုင်းမှာထပ်ပြီးလေ့လာသင်ယူသူများဖြစ်သည်။ ထိုအဖွဲ့၏လှုပ်ရှားမှုကို "မျိုးဆက်များပေါင်းစည်းခြင်း" ဟုခေါ်တွင်ပြီး၊ လူကြီး၊ကလေး၊ဂရုစိုက်မှုများနှင့်မိသားစုသဖွယ် ရင်းနှီးချစ်ခင်မှုများကသံစုံတီးဝိုင်းဖြစ်ပေါ်လာရန် ဂီတတူရိယာများကို ငှားရမ်းခ စျေးကြီးသော်လည်းအောင်မြင်စွာတည်ထောင်နိုင်ခဲ့သည်။

ဖီအိုနာ၏ရိုးစင်းသောရည်ရွယ်ချက်မှာ "ဒီလိုဂီတနှင့်မေတ္တာပေါင်းစည်းခွင့်ဖြင့်ရရှိသောပျော်ရွှင်မှုကိုမရရှိခဲ့သောသူများအတွက်အခွင့်အရေးပေးလိုပါသည်" ဟု ပြောပြခဲ့သည်။

ယခု ၁၃ ပတ်အလှူငွေသည်မိသားစုနှင့်ကလေးသူငယ်များအတွက်ဖြစ်ပြီး၊ အခြားလူထုမြှင့်တင်ခြင်းလုပ်ငန်း"နေရာလေးထားပေးပါ"ခေါင်းစဉ်အောက်၌ဒေသန္တာရအသင်းတော်နှင့်ပူးပေါင်း၍လိုအပ်သောကျောင်းဆောင်ချဲ့ထွင်ခြင်းများတွင်အသုံးပြုမည်ဖြစ်ပါသည်။

၎င်းနေရာလေးများအားဖြင့်ဝိညာဉ်ကယ်တင်သူ၊ပညာသင်ကြားပေးသူ၊ကျန်းမာရေးစောင့်ရှောက်သူ၊သာသနာပြုသူများမွေးထုတ်ပေးနိုင်ရန်ဖြစ်သည်။ထိုနေရာတိုင်းသည်လူထုအကျိုးပြုအဆောက်အဦးများဖြစ်လာ၍လူတို့၏စိတ်ထဲတွင်ဘုရားသခင်၏ဂရုဏာ၊ချစ်ခြင်းနှင့်ငြိမ်သက်ခြင်းများ သူတို့ဘဝအသက်တာတွင်ထိတွေ့ခံစားနိုင်ရန်ဖြစ်သည်။ အမှုတော်တိုးတက်ရေးအတွက်သင်၏အလှူငွေထည့်ဝင်ပေးခြင်းကိုကျေးဇူးတင်ပါသည်။

-o-

## **"ဂီတထက်ပိုသော"**

ဒီဇင်ဘာ ၁၉ ရက်၊ ရေးသားသူ-ကီယာရွှန်

ကီယာရွှန်သည် အသက်လေးနှစ်၌ တယောစတင်သင်ကြားခဲ့သည်။ သူ၏အစ်ကိုတယောစတင်သင်ကြားသောကြောင့်သူလည်းသင်လိုစိတ်ဖြစ်လာသည်။ကီယာရွှန်တို့၏အမေက "တယောကိုစတင်တီးခတ်လျှင်သေချာစွာလေ့လာသင်ယူပါ" ဟုရှင်းလင်းသောစည်းကမ်းချက်ထုတ်ထားသည်။ ကီယာရွှန်နာခံခဲ့သည်။

ကီယာရွှန်သည်လန်ဒန်၌မွေးဖွား၍ဂရန်နာဒါ၌ အသက် ၁၇နှစ်အထိနေထိုင်ခဲ့ပြီး၊၂၀၁၉ခုနှစ်၌ ဗြိတိန်သို့ ပြန်လာခဲ့သည်။ ယခုလိုပြောင်းရွှေ့မှုကသူ့အားအခွင့်အ

ရေးတစ်ရပ်ဖြစ်စေမည်ဟုသူ၏အမေကယူဆခဲ့သည်။ "အမေကသူတို့ ညီအစ်ကို တွေကိုလောကဓံတရားကိုကြံ့ကြံ့ခံနိုင်တဲ့အတွေ့အကြုံတွေရစေချင်ခဲ့တာပါ။" ဟု ကီယာရွှန်ပြောပြခဲ့သည်။

ဒီအတွေ့အကြုံထဲမှာဂီတလည်းပါဝင်ခဲ့သည်။ သူအသက်၁၃နှစ်တွင်စန္ဒရားနှင့်တယောကိုသင်ယူခဲ့သည်။အစမ်းလေ့ကျင့်ရေးတွင်ဦးဆောင်ခဲ့သည်။ဂီတဝိုင်းများကိုလေ့ကျင့်ပေးခဲ့သည်။ စည်းကမ်းသေဝပ်မှုရှိ၍ အကောင်းဆုံးသူများထဲတွင် ကီယာရွှန်ပါဝင်ခဲ့သည်။"အတန်းထဲတွင်အမှတ်အမြင့်ဆုံးရပြီး၊ဂီတသမားစစ်စစ်ဖြစ်ခဲ့သည်။" တာဝန်ယူနိုင်ဖို့အလိုလိုဖြစ်လာခဲ့သည်။

ကီယာရွှန်လန်ဒန်သို့ ပြန်ရောက်လာချိန်၌ လန်ဒန်အရှေ့ပိုင်း ဂန္ဓဝင်ဂီတကျောင်း၏ဖီအိုနာနှင့်ဆက်သွယ်ခဲ့သည်။ အစ်ကိုဖြစ်သူက ကီယာရွှန်ထက်စော၍ ကျောင်းပြီးသွားသောကြောင့် ညွှန်ကြားရေးမှူးနှင့်သိထားနှင့်သည်။ ကီယာရွှန်သည် အလုပ်ရနိုင်မလားဟု ရိုးရိုးလေးမေးခဲ့ပါသည်။

"ရှိပါတယ်။ နည်းစနစ်ပိုင်းဆိုင်ရာလိုပါတယ်"ဟုပြန်ဖြေခဲ့သည်။"ဂီတပိုင်းစနစ်တကျသင်ပေးဖို့လိုအပ်ပါတယ်။ပြင်သစ်စာမဖတ်တတ်ရင်ပြင်သစ်စကားမပြောနိုင်သလိုပေါ့၊ ဂီတလည်းဒီအတိုင်းပဲ၊ ဂီတပညာစည်းကမ်းတွေကိုနားလည်ထားရမှာပေါ့" လို့ ကီယာရွှန်ပြန်ပြောခဲ့ပါသည်။

ဒီတွေးခေါ်မှုကသူ၏လုပ်သက်တစ်လျှောက်လုံးလွှမ်းမိုးထားသည်။ယနေ့ အသက် ၂၇ နှစ် ကီယာရွှန်သည်ဂီတတူရိယာ၇မျိုးကိုတီးခတ်နိုင်ပါသည်။ နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှုသည်သူ့အားထိုတူရိယာများကိုယုံကြည်စိတ်ချစွာတီးခတ်နိုင်စေပါသည်။

"လွယ်လွယ်တီးခတ်နိုင်ပေမယ့်၊ လွယ်လွယ်တော့နားမလည်နိုင်ပါဘူး။" ဂီတကျောင်းတွင် ကီယာရွှန်သည် ရာထူးတိုးလာသည်။ စစချင်းတွင်ဂီတဆရာအဖြစ်၊

နောက်တွင်ဂီတဝိုင်းကိုဦးဆောင်သူအဖြစ်နှင့်ဆက်လက်၍ဂီတစီစဉ်သူအကူဖြစ်လာခဲ့သည်။

ဂီတတင်ဆက်မှုပြုလုပ်ရန်စီစဉ်ထား၍အပိုင်းလိုက်ခွဲခြားကာတပိုင်းပြီးတစ်ပိုင်းသေချာလေ့ကျင့်ပေးသောလူငယ်ဂီတပညာရှင်ဖြစ်သည်။သူသင်ကြားပေးသောအဖွဲ့တွင်လူ၇၅ယောက်ပါဝင်၍ကြိုးတပ်တူရိယာတီးသောသူပင်၂၀ယောက်ရှိသည်။

ကီယာရွှန်အတွက်ဂီတသည်နုတ်သေက်တသက်သက်မဟုတ်ပါ။"ကျွန်တော့်တပည့်တွေပထမဆုံးအတန်းထဲရောက်တာနဲ့ဂီတသေက်တတွေအကြောင်းမပြောပါဘူး။ အခုမှတော့ သူတို့တွေယုံကြည်ချက်ရှိရှိ တင်ဆက်မှုအတွက်စိတ်အားထက်သန်ပုံရကြပါသည်။ ဂီတသာမကတစ်ဦးနှင့် တစ်ဦးခင်မင်ရင်းနှီးမှုကြောင့် ဖြစ်ပါတယ်" လို့ ကီယာရွှန်ပြောပြပါတယ်။

ဂီတဆိုတာ အကျင့်စာရိတ္တကိုဖော်ပြချက်လို့ ကီယာရွှန် ယုံကြည်ပါသည်။ "ကလေးတစ်ဦးသည်စည်းချက်မှန်အောင်တီးရန် သင်ကြားရသည်။သူတို့ကောင်းစွာမတီးလျှင်လည်းသင်ကြားရခက်သည်။ကြိုးကြိုးစားစားတီးရန်လည်းသင်ကြားရသည်။ ဂီတသည်သင့်ကိုရုပ်လုံးပေါ်စေသည်။ ထိုအရာကိုမဖုံးထားနိုင်ပါ။" ဟုကီယာရွှန်ပြောပြခဲ့သည်။

ရိုးသားစွာကြိုးစားခြင်းဖြင့် သူ့ဘဝကို ထုဆစ်ခဲ့သည်။ ကလေးဘဝ၌ စိတ်ဇောနှင့်စန္ဒယားကိုတီးစဉ်အခါ အမှားများစွာတီးခတ်မိခဲ့သောအခါမေမေက"စိတ်လျှော့ပြီးသည်းခံပါ" လို့အေးဆေးပြောပြခဲ့ပါသည်။

ဂီတသည်ကြည့်မှန်လိုဖြစ်လာသည်။ "သံစဉ်အပိုဒ်များကိုခက်ခဲစွာတီးခတ်ရသောအခါ၊ကိုယ့်ကိုကိုယ်ပြန်မေးမိသည်။ဂီတလား၊မိမိကိုယ်တိုင်လား" လို့ကီယာယွန်ဆင်ခြင်မိသည်။"ရံဖန်ရံခါဂီတကိုတီးခတ်ခြင်းသည်ကိုယ်ပိုင်အရည်အသွေးဖြစ်ရမည်" ဟု သူပြောခဲ့သည်။

နှစ်ကြာလာသောအခါလန်ဒန်၌ရှိသောတော်ဝင်အဲလ်ဘတ်ခန်းမ၌သင်တန်းသားအဟောင်းများ၏ဂီတဖျော်ဖြေပွဲကို ဦးဆောင်ရ၍အသံသွင်းရန်ကမ်းလှမ်းခံခဲ့ရသည်။ ကျောင်းသားများး၏တိုးတက်မှုကိုမြင်ရ၍ကျေနပ်မှုကို ကီယာရွန် ခံစားခဲ့ရပါသည်။

“တရားဝင်ဂီတပွဲ၌ပါဝင်ခဲ့သောသင်တန်းသားများအတွက်သူပေးနိုင်ခဲ့သောအရာများကိုသူယုံကြည်စွာပေးအပ်ခဲ့သည်။” “သူ၏ဂီတပညာဖြစ်၍သူအနှစ်သက်ဆုံးဓမ္မသီချင်းများဖြစ်သောမင်္ဂလာစုပေါင်းဖြစ်ပွားရာ၊ကောင်းပေ၏နှင့်ကိုယ်တော်သစ္စာကြီးမြတ်၊ စသောသီချင်းကိုသံစုံတီးနိုင်ရန်စီစဉ်ခဲ့သည်။ နည်းစနစ်နှင့်တီးခတ်မှုသည်လက်ကိုကျွမ်းကျင်စေသလိုသန့်ရှင်းသောဂီတသည် စိတ်နှလုံးကိုဘုရားနှင့်ပိုမိုနီးစေပါသည်။

ဂီတသည်ရှောင်ရမည့်အရာကိုသိနားလည်စေသည်။ ကြိုးစားလေ့ကျင့်ခြင်းသည်လှပသောဂီတကိုဖြစ်ပေါ်လာစေသည်။ “ပင်ကိုယ်စရိုက်ကအနာခံခြင်း၌ပျော်မွေ့လျှင်ထိုအနာခံခြင်းကအနုပညာဖြစ်လာသည်။” ဟု ကီယာရွန် ပြောပြသည်။

လန်ဒန်အရှေ့ပိုင်းဂန္ဓဝင်ဂီတကျောင်း၌ဂီတတေးသွားများထက်ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချမှုရှိစေသည်။ စည်းကမ်းသေဝပ်မှုကိုဦးစားပေးသည်။ ယုံကြည်ချက်ကိုအားရှိစေသည်။ “ဂီတတူရိယာတီးခတ်ခြင်းကိုသာသင်ကြားမှုမဟုတ်””ဂီတပညာရှင်ဖြစ်လာရန်ဖြစ်သည်” ဟု သူပြောခဲ့သည်။

ဗြိတိန်နိုင်ငံ၌သတ္တမနေ့အသင်းတော်သည်ကလေးငယ်များနှင့်လူငယ်များ၏စိတ်နှလုံးကိုဖမ်းစားထားနိုင်သည်။ ဂီတအားဖြင့်ဖြစ်သည်။ ယခု၁၃ ပတ်အလှူငွေသည်ဂန္ဓဝင်ဂီတကျောင်း၌တက်ရောက်သင်ကြားနိုင်ခြင်းမရှိသောသူများအတွက်ဂရုစိုက်ပေးနိုင်ရန်ဖြစ်သည်။

ယခုကွာတာအလှူငွေသည်ဗြိတိန်ရှိသတ္တမနေ့အသင်းတော်မှ “နေရာလေးထားပေးပါ ”အဆောက်အဦးသည် လန်ဒန်ရှိ ဝမ်းနည်းသော၊ အထီးကျန်သော၊

ကြောက်ရွံ့မှုခံစားနေရသောကလေးများအတွက်ဖြစ်သည်။စိတ်ကျန်းမာရေးကုသဆောင်သည့်စိတ်ကျန်းမာရေးလိုအပ်သောကလေးများနှင့်မိသားစုများအတွက်အကြံဉာဏ်ပေးခြင်းနှင့်အခြားအထောက်အကူအမအစများကိုစီစဉ်ပေးမည်ဖြစ်သည်။

-o-

## "အစေခံရန်ပေးအပ်ခြင်း"

ဒီဇင်ဘာလ ၂၆ ရက်၊ ရေးသားသူ-ရဲရွှန်

လွန်ခဲ့သော၇နှစ်ခန့်က ဂန္ဓဝင်ဂီတကျောင်းကိုရဲရွှန်သည် တယောထိုးချင်သောကြောင့်လျှောက်လွှာတင်ခဲ့သည်။ထိုကျောင်း၏စည်းကမ်းများသည်သူ၏ဂီတကျွမ်းကျင်မှုကိုသာမက သူ၏ဘာသာရေး ယုံကြည်မှုများကိုပါ ပုံဖော်ပေးမည်ဟုမသိခဲ့ပါ။

တယောနှင့်စတင်ခဲ့ပြီး၊ မနှစ်ကထရမ်းပက်ကို စတင်သင်ယူခဲ့သည်။ တင်ဆက်မှုများတွင်ပါဝင်လာရ၍၊ဂီတနည်းစနစ်များ၊စည်းချက်များရေတွက်မှု၊ဂီတအပိုဒ်ခွဲများကိုပိုင်းခြားခြင်း၊သီချင်းတပုဒ်လုံးကိုမည်သို့တည်ဆောက်၍စည်းချက်ညီစေရန်စသည်များကိုလေ့လာသင်ယူခဲ့သည်။

"တစ်ခါတလေစိန်ခေါ်ချက်များပြီးနည်းစနစ်ကိုသိ၍ပြန်အသုံးချရသည်" ဟုရဲရွှန်ကပြောပြသည်။

သင်ခန်းစာများကိုဂီတထက်ပို၍ ကျော်လွန်ကာအသုံးချခဲ့ရသည်။ တက္ကသိုလ်ကျောင်းသားများကတော့လန်ဒန်မက်ထရိုပိုလစ်တက္ကသိုလ်တွင် စီးပွားရေးပညာသင်ကြားစဉ်ရဲရွှန်ကတော့တော်တန်ဟန်၌ရှိသောမိခင်အသင်းတော်၌ပင်သစ္စာရှိစွာအမှုဆောင်လျက်ရှိသည်။ အစ်ကိုကတော့စန္ဒယားတီး၍၊ ရဲရွှန်ကတော့တယောထိုးလျက်ရှိသည်။ ဝတ်ပြုကိုးကွယ်မှုအစီအစဉ်များတွင်ညီအစ်ကိုနှစ်ယောက်အတူတကွသီချင်းအစီအစဉ်ကိုပုံမှန်ဦးဆောင်ကြသည်။

"အသင်းတော်၏အစီအစဉ်၌ပါဝင်၍ ဘုရားသခင်၏ အမှုတော်တွင်ဆက်ကပ်ရန် ကျွန်တော်တို့အပ်နှံထားပါသည်" ဟုသူပြောပြသည်။ခရစ်ယာန်အိမ်ထောင်၌ကြီးပြင်းလာ၍ဂီတကိုဖျော်ဖြေရန်လုံးဝအသုံးမပြုပါ။ အီသီယိုးပီးယား၌အမေငယ်ငယ်ကတစ်ခါသီချင်းဆိုခဲ့ဘူး၍ ယခုအချိန်ထိဖျော်ဖြေမှု၌သီချင်းမဆိုရန်စည်းကမ်းသတ်မှတ်ကာ၊ ကတိထားခဲ့ပါသည်။

သခင်ခရစ်တော်ပြန်ကြွလာမည့် ဓမ္မသီချင်းများကို အဖေနှစ်သက်သည်။ သောကြာနေ့ ညနေဝတ်ပြုကိုးကွယ်မှုတွင်မိသားစုနှင့်အတူ ဝတ်ပြုကိုးကွယ်ကြပြီး၊ ဓမ္မသီချင်းသီဆိုခြင်း၊ ဆုတောင်းခြင်းနှင့်သီချင်းအတူတီးခတ်ခဲ့ကြပါသည်။

ထိုအကျင့်ဓလေ့သည်သူ၏နှလုံးသားထဲတွင်ကိန်းဝပ်လျက်ရှိသည်။ ဂန္ဓဝင်ဂီတကျောင်းတော်မှရဲရွှန် မမျှော်လင့်ထားသောအခွင့်အရေးပေးခဲ့သည်။ လန်ဒန်မြို့ထဲတွင်ရှိသောဘုရားကျောင်းများ၌ ဂီတတင်ဆက်တီးခတ်ခြင်းများ၊လန်ဒန်မြို့လယ်ရှိဘုရားကျောင်း၌ ဂလက်စစ်တာမြို့စားထက်ရောက်သောဂီတသံစုံတီးဝိုင်း၌လည်းပါဝင်တီးခတ်ခွင့်ရခဲ့သည်။

"သိပ်ကိုကြီးကျယ်တဲ့အခိုက်အတံ့ပါပဲ" "အကောင်းဆုံးအပိုင်းကတော့ဂုဏ်တော်ချီးမွမ်းခြင်းနဲ့ တီးခတ်ခြင်းပါပဲ" လို့ ပြောပြပါသည်။ ရဲရွှန်၏ တယောဆရာမသည် တီးခတ်သူများကို ခရစ်ယာန်တန်ဖိုးမြှင့်စေသူများကို သေချာစီစစ်၍ရွေးချယ်ပါသည်။

ခရစ်တော်မွေးဖွားခြင်းဆိုင်ရာ တေးသီချင်းများနှင့် ခရစ်စမတ်အချိန်တွင်ပြည့်ဝလျက်ရှိသည်။ သန့်ရှင်းသောဂီတများသည်နေရာယူလျက်ရှိသည်။

"ကိုယ်တော်အတွက်ကျွန်တော်၏ယုံကြည်စွာဆက်ကပ်လုပ်ဆောင်ခြင်းသည်ကြီးစွာအကျိုးသက်ရောက်မှုရှိပါသည်။" "ကိုယ်တော်၏ဘုန်းတော်ထင်ရှားမှုမပြုသော တေးဂီတကို ကျွန်တော်မတင်ဆက်နိုင်ပါဘူး" ဟု ရဲရွှန် ပြောပြပါသည်။

သံစုံတေးဂီတပွဲတော်၌ပါဝင်နိုင်ရန်အက်စ်တဲနယ်ထရီနတီကောလိပ်မှပါဝင်နိုင်မည့်ကျောင်းသားများကိုသေချာစီစစ်ရွေးချယ်ကြသည်။ အဆင့်အတန်းမြင့်သော်လည်းထူးချွန်စွာအောင်ရန်မျှော်မှန်းနိုင်သည်။

"အစပိုင်းတော့ခက်ပါတယ်" "အချိန်ကြာလာတာနဲ့အမျှလွယ်ကူလာပါတယ်" ဟု ရဲရွှန် ဝန်ခံပါသည်။ ဂီတကိုကြိုးစားသင်ယူခြင်းဖြင့်လုံ့ဝီရိယရှိလာသည်။ လူထုကြား၌တေးဂီတတင်ဆက်ခြင်းဖြင့်ကိုယ့်ကိုယ်ကို စိတ်ချမှုရှိလာသည်။မွေသီချင်းသံစုံတီးဝိုင်း၌ပါဝင်ခြင်းဖြင့်ဝိညာဉ်ရေး၌ပို၍ ရင့်သန်လာသည်။

တေးဂီတသည်အကျင့်စာရိတ္တကိုမည်မျှပုံဖော်ပေးသည်ကိုသိမြင်လာသည်။ စနစ်တကျတေးဂီတလေ့ကျင့်ခြင်းသည်စည်းကမ်းရှိသောအသက်တာဖြစ်ပေါ်လာစေသည်။ မိမိတာဝန်အသေးစိတ်ကိုစိတ်ဝင်စားလာစေသည်။ သံစုံတီးဝိုင်း၌ပါဝင်တီးခတ်ခြင်းသည် စုပေါင်းလုပ်ဆောင်ခြင်းနှင့် စိတ်ရှည်သီးခံခြင်းရှိရန်သင်ကြားပေးသည်။

"တေးဂီတတွင်မဖုံးထားနိုင်ပါ" "သင့်အပိုင်းကိုကောင်းစွာဆောင်ရွက်လျှင်တစ်ဖွဲ့လုံးအောင်မြင်သည်" ဟုရဲရွှန်ရှင်းပြသည်။ လန်ဒန်လိုမြို့ကြီး၌အာရုံရှုပ်ထွေး၍စိတ်ခါတ်ကျစရာဖိအားများသည်။ လန်ဒန်အရှေ့ပိုင်း ဂန္ဓဝင်ဂီတကျောင်းသည်ထိုအရာများအတွက်ပြင်ဆင်ပေး၍ ရည်ရွယ်ထားသောအရာများရှိသည်။ ထိုကျောင်းတော်မှဂီတဖြင့်အသက်တာတွင် အကောင်းဆုံးကြိုးစား၍ ယုံကြည်ခြင်း၌နက်ရှိုင်းစွာအမြစ်စွဲရန် သင်ကြားပေးပါသည်။

ယနေ့တွင် ရဲရွှန်သည် တေးဂီတကိုကျွမ်းကျင်ရန်အတွက်မဟုတ်၊အမှုတော်ကျယ်ပြန့်ရန်ပါဝင်ဆက်ကပ်လျက်ရှိသည်။ "ဂီတဂန္ဓဝင်ကျောင်းသည်အံ့ဩစရာကောင်းသည်။ သင်ယူစရာအများအပြားရှိသည်။ ခက်ခဲမှုများကိုဆရာမသင်ပေးသည်။ ထိုအရာများကိုသင်ယူ၍ဘုရားသခင်အတွက်မည်သို့ဆက်ကပ်ရမည်ကိုပြန်လည်၍အသုံးချနိုင်ပါသည်။" ဟု သူထပ်၍ပြောပြသည်။

သူသည်အကောင်းဆုံးဆက်ကပ်ခြင်း၊စည်းကမ်းသေဝပ်ခြင်းနှင့်အရာအားလုံးထက်သခင်ခရစ်တော်အတွက်သာပေးဆပ်၍ဝိညာဉ်ရေး၌ဆက်လက်ကြီးထွားလာသည်။ရဲရှန်ကဲ့သို့လူငယ်များလည်းမိမိပတ်ဝန်းကျင်၌အလုပ်ကြိုးစား၍ယုံကြည်ခြင်း၌တည်ရန် အားပေးတိုက်တွန်းလိုပါသည်။

ယခု၁၃ပတ်အလှူငွေသည်ဂန္ဓဝင်ဂီတကျောင်း၌မတက်ရောက်နိုင်သောကလေးငယ်များအတွက်ကူညီနိုင်ရန်ဖြစ်သည်။ ယခုသုံးလပတ်အလှူငွေကတော့ကြောက်ရွံ့အထီးကျန်၍ဝမ်းနည်းပူဆွေးနေသောသူများခိုလှုံနိုင်ရန် “နေရာလေးပေးပါ” စီမံကိန်း၏အဆောက်အဦးအတွက်ဖြစ်သည်။ကျန်သောအလှူငွေအားဖြင့်ထရန်စ်-ယူရိုပီးယမ်းဒီဗီဇံ၏အခြားစီမံကိန်းသုံးခုအတွက်ဖြစ်သည်။

ထို၃ခုမှာ၊ ဖင်လန်နိုင်ငံဟယ်စင်ကီးမြို့ပေါ်၌အသင်းတော်သာသနာအိမ်၊အဆောက်အဦး အိုအီကော့စ်အတွက်၊ပိုလန်၏ပထမဆုံးမူကြိုကျောင်းတိုးချဲ့နိုင်ရန်နှင့်ခရိုအေးရှားနိုင်ငံ၊ ဇာကရတ်ရှိသာသနာအဆောက်အဦး ပြန်လည်တည်ဆောက်နိုင်ရန်အတွက်ဖြစ်သည်။ သင်၏အလှူငွေအတွက်အထူးကျေးဇူးတင်ပါသည်။

-o-